ဒို့တာဝန် အရေးသုံးပါး
◆ ပြည်ထောင်စုမပြိုကွဲရေး။
◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

# မြဝတီ နေ့စဉ်

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့် အောင်ရာ၏။ မကောင်းသူကို ကောင်းခြင်းဖြင့် အောင်ရာ၏။ စေးနဲသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မမှန်မကန်ပြောသူကို မှန်ကန်ခြင်းဖြင့်အောင်ရာ၏။

ဓမ္မပဒ

ရောင်စုံကဏ္ဍစုံလင် ဦးစွာပြန့်ချိမြဝတီ

the Myawady Daily

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ စနေနေ့ | အတွဲ(၇)၊ အမှတ်(၁၁၆)

## ဗုဒ္ဓသမ္မ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး၏ ဩဝါဒ

### အဓိဋ္ဌာန်ဆုတောင်း

- ◆ ဗုဒ္ဓဘာသာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းစေသော်။
- ◆ မြန်မာမျိုးနွယ်၊ ကမ္ဘာ့လယ်၊ ဝင့်ထည်မြင့်၍ တင့်စေသော်။
- ◆ ကိုယ့်မျိုးကိုယ့်စာ၊ ကိုယ့်မြို့ရွာ၊ ကိုယ်ပါချစ်၍ မြတ်နိုးလော့။
- ◆ ကိုယ့်မိကိုယ့်ဖ၊ ဥာဏ်တစ္ဆ၊ များလှတာဝန်၊ ယူကြလော့။
- ◆ သူများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင်၊ နောက်နောင် ကျေးဇူးသိကြလော့။

## ရန်ကုန်-ပြည်ကားလမ်း လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ခြင်းကို ဩဂုတ်လကုန်ပိုင်းတွင်ဆောင်ရွက်မည်

စာ- ၃ သို့

## ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၌ နှင်းလျှောစီးအပန်းဖြေစခန်း တည်ဆောက်ရန်လျာထား

စာ- ၆ သို့

# မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ဓာတ်ပုံ-ကျော်လွင်

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင်မိန့်ခွန်းပြောကြားစဉ်။**

နေပြည်တော် ဩဂုတ် ၁၁

မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ သံတမန်များ၊ ပြည်တွင်းပြည်ပမှပညာရှင်များ၊ စာတမ်းရှင်များ၊ ပါဝင်ဆွေးနွေးသူများ၊ ပြည်တွင်းပြည်ပအရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လေ့လာသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

**စာမျက်နှာ ၄ ကော်လံ ၁ ◆**

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄° C / ၃၂° C |
| ရန်ကုန် | ၂၂° C / ၃၂° C |
| မန္တလေး | ၂၇° C / ၃၄° C |

**လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

**နိုင်ငံတကာလူငယ်များနေ့အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး**

## ယနေ့လူငယ် နောင်ဝယ်လူကြီး

လင်းအရုဏ်ဦး(ပဲခူး)

စာ- ၁၃ သို့



# အာဆီယံ နှစ် (၅၀) ပြည့် အထိမ်းအမှတ် Smart Living Expo သုံးရက်တိုင်ပြသ




ရန်ကုန် ဩဂုတ် ၁၁

အာဆီယံနှစ် (၅၀) ပြည့်အထိမ်းအမှတ် Smart Living Expo ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

Smart Living Expo ကို အဓိကအားဖြင့် အာဆီယံ နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်းပြီး SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါပြပွဲကို မြန်မာ့ထုတ်ကုန်များ နိုင်ငံတကာဈေးကွက်သို့ အင်တာနက်မှ ချိတ်ဆက်ရောင်းဝယ်ပေးလျက်ရှိသော Bagan Trade.com မှ အဓိကပံ့ပိုးပြီး စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲကို SME လုပ်ငန်းကဏ္ဍအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး ပြပွဲသို့ ကုမ္ပဏီပေါင်း ၅၀ မှ မော်တော်ယာဉ်၊ အိမ်ခြံမြေနှင့် လူသုံးကုန်ပစ္စည်းများကို ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ဖြင့် ပါဝင်ပြသခြင်းဖြစ်ကာ ဩဂုတ် ၁၃ ရက်အထိ သုံးရက်တိုင်ပြသမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ SME လုပ်ငန်းတွေအနေနဲ့ ဈေးငွေရရှိမှုအပိုင်းတွေပါပါတယ်။ SME ဈေးငွေပိုင်းအနေနဲ့ကတော့ အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်းအနေနဲ့ ဘယ်လိုထုတ်ချေးတယ်၊ ဘယ်လိုရနိုင်မယ်ဆိုတဲ့ နည်းလမ်းတွေကို ဆွေးနွေးပြီး မက်ဆေ့ချ်ပေးတာဖြစ်ပါတယ်။ ပြီးတော့ SME ထုတ်ကုန်လုပ်ငန်းတွေကို ဈေးနှုန်းချိုသာစွာနဲ့ဝယ်ယူရရှိပြီး ဆွေးနွေးပွဲတွေလေ့လာပြုလုပ်နိုင်အောင် အခုလိုပါဝင်ပံ့ပိုးပေးခြင်းဖြစ်ပါတယ်"ဟု Bagan Trade.com မှ မန်နေးဂျင်းဒါရိုက်တာ ဦးပြည့်ဖြိုးပိုင်ကပြောသည်။

Smart Living Expo ပြပွဲတွင် SME ဈေးငွေရရှိမှုအပိုင်းနှင့်ပတ်သက်၍ နည်းလမ်းမျိုးစုံဖြင့် ထုတ်ချေးပေးလျက်ရှိသော ဈေးငွေများအကြောင်းကို ပြည်သူများသို့ အသိပညာပေး ဆွေးနွေးဟောပြောခြင်းဖြစ်ပြီး အပေါင်ပစ္စည်းမပါဘဲ ထုတ်ချေးပေးနိုင်မည့် CGI ချေးငွေအကြောင်းကို အဓိကထား ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း သိရသည်။

**kaykay**

# ရန်ကုန် - ပြည်ကားလမ်း လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ခြင်းကို ဩဂုတ်လကုန်ပိုင်းတွင် ဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်-ပြည်ကားလမ်း လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ခြင်းကို ဩဂုတ်လကုန်ပိုင်းတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိ ရန်ကုန်- ပြည်ကားလမ်းသည် နှစ်လမ်းသွားစနစ်ဖြစ်ပြီး လေးလမ်းသွားစနစ်အဖြစ် အဆင့်မြှင့်တင်ရန် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပုံစံဖြင့် ကုမ္ပဏီများကို အငှားချထားပေးပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ပြည်ကားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို BOT စနစ်ဖြင့် ကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပေးခြင်းဖြစ်ပြီး ယင်းကဲ့သို့ အဆင့်မြှင့်တင်ရာတွင် လမ်းတစ်လျှောက်လုံးကို လေးလမ်းသွားပုံစံဆောင်ရွက်မည်မဟုတ်ဘဲ ယာဉ်ကြောကျပ်သည့်မြို့နယ်၌သာ လေးလမ်းသွားပုံစံပြောင်းလဲဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ကားလမ်းများအဆင့်မြှင့်တင်ပြီးပါက လမ်းအရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ လက်ခံစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မှ ပြည်သို့ ဆက်သွယ်ထားသော ကားလမ်းများသည် မိုးရာသီကာလတွင် ရေကြီးရေလျှံခြင်းနှင့် မြေတိုက်စားခြင်းတို့ကြောင့် ပျက်စီးမှုများရှိနေခြင်းဖြစ်သည်။ နှစ်လမ်းသွားစနစ်တွင် လမ်းများအနည်းငယ်ကျဉ်းမြောင်းသည့်အတွက် ယာဉ်ကြောကျပ်တည်းမှုများ နေ့စဉ်ဖြစ်ပေါ်နေသောကြောင့် ယခုကဲ့သို့ ကားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ကို**

# ရန်ကုန်မြို့ရှိ စက်ရုံ ၂၅ ရုံ၌ စွန့်ပစ်ရေအရည်အသွေး စစ်တမ်းကောက်ယူမှု ယခုလအတွင်း ထပ်မံဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြို့အတွင်းရှိ စက်မှုဇုန်များမှ စွန့်ပစ်ရေဆိုးများကြောင့် လှိုင်မြစ်အတွင်း ရေထုညစ်ညမ်းမှုအပါအဝင် ရေသယံဇာတ ထိခိုက်မှုများရှိနေသည့်အတွက် စက်ရုံစွန့်ပစ်ရေအရည်အသွေးစစ်တမ်းကောက်ယူမှုများကို ယခုလအတွင်း စက်ရုံ ၂၅ ရုံ၌ ထပ်မံဆောင်ရွက်မည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သီတာတင်ထံမှ သိရသည်။

ရေအရည်အသွေးစစ်တမ်းကောက်ယူမှုများကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်မှစ၍ သုံးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ လေးကြိမ်မြောက်နှင့် ငါးကြိမ်မြောက်စာရင်းကောက်ယူမှုများကို ယခုလအတွင်း ထပ်မံလုပ်ဆောင်ခြင်းဖြစ်သည်။

"ရေထုညစ်ညမ်းမှုတွေဖြစ်တဲ့ Source တွေကနေထွက်တဲ့စွန့်ပစ်ရေတွေကို ကျွန်မတို့စစ်တမ်းကောက်ပြီး ရန်ကုန်မြို့မှာရှိတဲ့ ဓာတ်ခွဲခန်းတွေကိုပို့ပါတယ်။ အဖြေကတစ်ခုနဲ့တစ်ခုမတူတဲ့အတွက် ဂျပန်ကိုပို့ပြီး စစ်ဆေးခဲ့ပါတယ်။ စစ်တမ်းက ငါးကြိမ်ကောက်ဖို့လိုပါတယ်"ဟု ဒေါ်ခင်သီတာတင်ကပြောသည်။

စက်ရုံစွန့်ပစ်ရေအရည်အသွေးစစ်တမ်းကို စက်ရုံပေါင်း ၁၀၀ ၌ ကောက်ယူခဲ့ရာ ဓာတ်ခွဲခန်းရလဒ်များမတူညီဘဲ စာရင်းအမှန်မထွက်သေးသည့်အတွက် စက်ရုံ ၂၅ ရုံကို ပြန်လည်ရွေးချယ်၍ ဂျပန်နိုင်ငံသို့ ပေးပို့စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့၌ စက်ရုံအရေအတွက်များလာပြီး စွန့်ပစ်ရေများကို ပြန်လည်သန့်စင်သည့်စနစ်မကျင့်သုံးသည့်အတွက် စက်ရုံအတွင်း ရေအရောင်ပြောင်းလဲခြင်းများနှင့်ဂေဟစနစ်ပြောင်းလဲခြင်းများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထပ်မံစာရင်းကောက်ယူမှုများကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်၊ ရွှေပြည်သာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်နှင့် ဝါးတရာစက်မှုဇုန်တို့ရှိ စက်ရုံများ၌ လိုက်လံကောက်ယူမည်ဖြစ်ပြီး စစ်တမ်းရလဒ်များကိုအခြေခံသည့် လှိုင်မြစ်ရေထုညစ်ညမ်းမှုထိန်းချုပ်နိုင်မည့်နည်းလမ်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနသို့ တင်ပြမည်ဖြစ်ကြောင်း သိရသည်။

**ဆုလာဘ်**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုထားသော ကြက်ဘဲဈေးများရှိ ဆိုင်ခန်းငှားရမ်းခများ တိုးမြှင့်ကောက်ခံရန်စီစဉ်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှခွင့်ပြုထားသော ကြက်ဘဲဈေးများအတွင်းရှိ ဆိုင်ခန်းငှားရမ်းခများ တိုးမြှင့်ကောက်ခံရန်စီစဉ်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန အကြီးတန်းအရာရှိတစ်ဦးထံမှ သိရသည်။

အဆိုပါဈေးများအတွင်း ရောင်းချနေသော ဆိုင်ခန်းပိုင်ရှင်များသည် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ဌာနမှ ထုတ်ပေးထားသည့် ရောင်းချခွင့်လိုင်စင်ရရှိထားသူများဖြစ်သည်။ လုပ်ပိုင်ခွင့်လိုင်စင်အတွက် တစ်နှစ်တစ်ကြိမ်လျှောက်ထားခွင့်ပြုထားပြီး ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် သန့်ရှင်းရေးလုပ်ငန်းများအပါအဝင် စနစ်တကျရောင်းချသည့် ဆိုင်ခန်းများကိုသာ ရောင်းချခွင့်ပြုထားခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဖွင့်လှစ်ရောင်းချခွင့်ပြုထားသည့် ကြက်ဘဲဈေးများသည် မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်ဘဲဈေး၊ လှိုင်သာယာမြို့နယ် ကြီးတံတားအဆင်းရှိ လှိုင်သာယာဈေး၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေးရှိ ကြက်ဘဲဈေးနှင့် အင်းစိန်မြို့နယ် ရွာမရှိ ကြက်ဘဲငါးဈေးတို့ဖြစ်သည်။ အဆိုပါ ကြက်ဘဲဈေးများတွင် လက်ရှိရောင်းချနေသူများသည် အမြဲတမ်းလုပ်ပိုင်ခွင့်ရရှိနေသကဲ့သို့ ဖြစ်နေပြီး ငှားရမ်းလုပ်ကိုင်လိုပါက ဆိုင်ခန်းနေရာများပေါ်ပေါက်မှသာ လုပ်ပိုင်ခွင့်ရရှိနိုင်သည့်အခြေအနေများဖြစ်သည်။

ထို့ကြောင့် ငှားရမ်းခနှုန်းထားများကို ပြင်ဆင်ကောက်ခံနိုင်ရန် ဆောင်ရွက်နေပြီး လာမည့်ဘတ်ဂျက်အတွင်း စတင်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်နေကြောင်း သိရသည်။

**နိုးမိုး**

# ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုနှင့် တိုင်းဒေသကြီးအဆင့် စံပြကျောင်းများဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှကြီးမှူးကျင်းပသော ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် စံပြကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းရှိ မြသီလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက စံပြထူးချွန်အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်ကျောင်းများကိုလည်းကောင်း၊ ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးနိုင်လင်းမြင့်က ကျောင်းကျန်းမာရေးအကောင်းဆုံးစွမ်းဆောင်ရည်ဆုရကျောင်းများကိုလည်းကောင်း၊ စီမံရေးရာနှင့် လူမှုရေးဥက္ကဋ္ဌ ဦးသာအောင်က အထက်တန်းအဆင့် စံပြဆုရကျောင်းများကိုလည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ရွှေလီက အလယ်တန်းအဆင့် စံပြဆုရကျောင်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းလွင်က မူလတန်းအဆင့် စံပြဆုရကျောင်းများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ အခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကြသူများအား ဒုတိယတိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူး ဒေါက်တာမာလာစိုးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် နေပြည်တော်ကျောင်းကျန်းမာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းလဲ့ထွန်းက ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (လသာ)မှ ကျောင်းသူလေးများက ကျောင်းကျန်းမာရေးပညာပေးအကများဖြင့်ဖျော်ဖြေကြပြီး တာဝန်ရှိသူများက ခန်းမအတွင်း ပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခင်မောင်တင်**

www.facebook.com/themyawadydaily



♦ ရှေ့ဖုံးမှအဆက်

ထို့နောက် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition)၏ ကမ္ဘာလုံးဆိုင်ရာ ရှုမြင်သုံးသပ်ခြင်းကဏ္ဍ မူဘောင်ချမှတ်ခြင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စာတမ်းရှင်များဖြစ်ကြသည့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဗဟိုနီးနှောဖလှယ်ပွဲ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Michael Vatikiotis နှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Renata Nicola Lok Dessallien တို့က ကမ္ဘာလုံးဆိုင်ရာ ရှုမြင်သုံးသပ်ခြင်းကဏ္ဍ မူဘောင်ချမှတ်ခြင်းခေါင်းစဉ်နှင့်စပ်လျဉ်း၍ စာတမ်းများကို ဖတ်ကြားရှင်းလင်းဆွေးနွေးကြသည်။

လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဗဟိုနီးနှောဖလှယ်ပွဲ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Dr.Michael Vatikiotis က စိန်ခေါ်မှုအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့်ပတ်သက်၍ မူဝါဒများကို သေချာချမှတ်ရန်လိုကြောင်း၊ မြန်မာနိုင်ငံသည် စီးပွားရေးတွင် isolation အနေဖြင့် နေထိုင်ခဲ့ကြောင်း၊ ပဋိပက္ခသည်လည်း ဆယ်စုနှစ်များစွာဖြစ်ခဲ့ကြောင်း၊ World Bank အနေဖြင့် အသွင်ကူးပြောင်းရေးကို Commitment၊ Coordination နှင့် Cooperation ဟူသော သုံးချက်ပေါ်တွင် မူတည်ဆုံးဖြတ်ကြောင်း၊ အရှေ့တောင်အာရှတွင် စီးပွားရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးမှုသည် စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ သဘောတူညီမှုခိုင်မာပြီး တည်ငြိမ်မှုရှိရမည်ဖြစ်ကြောင်း၊ လုံခြုံမှုလည်းရှိရမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးကြီးကြောင်း၊ ကမ္ဘာပေါ်တွင် အောင်မြင်သည့်အသွင်ကူးပြောင်းမှုဆိုသည်မှာ လူမှုဝန်းကျင်တွင် အာဏာကိုမည်သို့ခွဲဝေမည်ပင်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအသွင်ကူးပြောင်းမှုသည် နှစ် ၂၀ ကြာကြောင်း၊ အာဏာကို ဗဟိုချုပ်ကိုင်မှုလျှော့ချရန်လိုကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် အောင်မြင်မှုသည် တရားဥပဒေစိုးမိုးရေးပင်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးကို အားလုံးညီညီမျှမျှဆောင်ရွက်နိုင်အောင် ဥပဒေများကို ပြဋ္ဌာန်းရန်လိုကြောင်း ပြောကြားပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အဓိကတာဝန်များကို ဆွေးနွေးသည်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Renata Nicola Lok Dessallien က မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဘက်ပေါင်းစုံက ခြုံငုံဆွေးနွေးတင်ပြကြရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီကူးပြောင်းသည့် ကာလတွင် မိမိတို့ပြည်တွင်းတွင် မည်သို့ဆောင်ရွက်နေသည်များကို နိုင်ငံတကာအသိုက်အဝန်းကနားလည်အောင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အဓိပ္ပာယ်အမျိုးမျိုးရှိကြောင်း၊ ဂရိများက စတင်စမ်းသပ်ကျင့်သုံးခဲ့ကြောင်း၊ ၂၀ ရာစုတွင် ဒီမိုကရေစီနှင့်ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ကျယ်ပြန့်လာကြောင်း၊ အစိုးရကို ပြည်သူများက ရွေးကောက်ပြီး အစိုးရကလည်း ပြည်သူများအတွက် အလုပ်လုပ်သည်ဆိုသည်အထိ ဖြစ်လာကြောင်း၊ အားလုံးသဘောတူညီမှုပါဝင်ပြီး ပူးပေါင်းဆောင်ရွက်သည့်အနေအထားဖြစ်လာကြောင်း၊ လက်ရှိဒီမိုကရေစီကို ကျင့်သုံးရာတွင် သာတူညီမျှရှိမှု၊ တရားမျှတမှု၊ လွတ်လပ်မှုဆိုသည့် တန်ဖိုးများပါဝင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် ချမှတ်ထားသည့် တန်ဖိုးများသည် ခိုင်မာနေသည့်အတွက် မလိုက်နာပါကကွာဟမှုများသည် ထင်ထင်ရှားရှားမြင်လာရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးနေမှု ပြည့်ဝခြင်းရှိ မရှိကို မြင်ရမည်ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် လွတ်မြောက်မှုမရှိသော ဒီမိုကရေစီ သို့မဟုတ် ဒီမိုကရေစီအဓိပ္ပာယ်ပြည့်ဝမှုမရှိသော ဒီမိုကရေစီဟူ၍ အကောင်အထည်ဖော်နေသည်များလည်း ရှိတတ်ကြောင်း၊ ဒီမိုကရေစီကို အကောင်အထည်ဖော်နေသည့်နိုင်ငံများတွင် ဒီမိုကရေစီ၏ အနှစ်သာရပြည့်ဝမှုဆိုသည့် အရည်အသွေးပိုင်းကို ဦးတည်လာကြကြောင်း ပြောကြားပြီး ကမ္ဘာ့နိုင်ငံများ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရယူနိုင်သည့် သင်ခန်းစာများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် မျက်နှာစုံညီဆွေးနွေးမှုအစီအစဉ်တွင် သဘာပတိအဖြစ် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာနမှူး ပါမောက္ခ ဒေါ်ချောချောစိန်က ဆောင်ရွက်ပြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vikram Misri၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးနှင့် SPA and FMI ဥက္ကဋ္ဌ ဦးသိမ်းဝေတို့က မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာရှုမြင်သုံးသပ်ချက်များအပေါ် ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition)၏ တပ်မတော်အုပ်ချုပ်ရေးစနစ်မှ အရပ်သားအုပ်ချုပ်ရေးစနစ်သို့ နိုင်ငံရေးအကူးအပြောင်းကဏ္ဍဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲတွင် စာတမ်းရှင်များဖြစ်ကြသည့် အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် (ငြိမ်း) Mr. Agus Widjojo နှင့် ဂျာမနီနိုင်ငံ Ruprecht-Karls-Universitat, Heidelberg မှ ပါမောက္ခ Dr. Aurel Croissant တို့က တပ်မတော်အုပ်ချုပ်ရေးစနစ်မှ အရပ်သားအုပ်ချုပ်ရေးစနစ်သို့ နိုင်ငံရေးအကူးအပြောင်းခေါင်းစဉ်နှင့်စပ်လျဉ်းသည့် စာတမ်းများကို ဖတ်ကြားကြသည်။

ယင်းနောက် မျက်နှာစုံညီဆွေးနွေးမှုအစီအစဉ်တွင် သဘာပတိအဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်က ဆောင်ရွက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဗိုလ်မှူးကြီးအောင်မြင့်ဦးနှင့် Myanmar Institute of Peace and Security Studies မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ခင်မမျိုးတို့က မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ တပ်မတော်အုပ်ချုပ်ရေးစနစ်မှ အရပ်သားအုပ်ချုပ်ရေးစနစ်သို့ နိုင်ငံရေးအကူးအပြောင်းကဏ္ဍအပေါ် ဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဗိုလ်မှူးကြီးအောင်မြင့်ဦးက စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးသည် အကူးအပြောင်းကာလအတွက် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံသည် စစ်ဘက်-အရပ်ဘက်အကူးအပြောင်းကို ထိခိုက်မှုအနည်းဆုံးဖြင့် ညင်သာစွာကူးပြောင်းနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ထူးခြားသည့် အခြေအနေအဖြစ် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများစွာတည်ရှိနေကြောင်း၊ အချို့အင်အားစုများသည် အချို့တိုင်းပြည်များ၏ တပ်မတော်အင်အားမျှရှိနေကြောင်း၊ ထို့ကြောင့် အားလုံးက ညီညီညွတ်ညွတ် အဖြေရှာသွား ရမည်ဖြစ်ကြောင်း။

တည်ငြိမ်မှုရှိရန်၊ လုံခြုံမှုရှိရမည်ဖြစ်ကြောင်း၊ ထို့အတူလုံခြုံမှုရှိရန်အတွက် တည်ငြိမ်မှုရှိရမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများရှိနေလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့အတူ အခြားကဏ္ဍများ ဆောင်ရွက်ရန်အတွက် အခက်အခဲများရှိနိုင်ကြောင်း။ မည်သည့်ကဏ္ဍအား ဦးစားပေးဆောင်ရွက်ရမည်ကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။ နိုင်ငံနှင့် ကိုက်ညီသည့် သီအိုရီကိုရွေးချယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက် ကိုက်ညီမည့် ဒီမိုကရေစီပြောင်းလဲမှုနှင့် နိုင်ငံတည်ဆောက်ရေးကို ရွေးချယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

(၅၀၀)

# ရခိုင်ပြည်နယ်တွင် လုံခြုံရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများတိုးချဲ့လုပ်ကိုင်

နေပြည်တော် ဩဂုတ် ၁၁

ဩဂုတ် ၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးစီး၍ကျင်းပခဲ့သော ရခိုင်ပြည်နယ် လုံခြုံရေးဆောင်ရွက်ထားရှိမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်ဦးစီးသည့် အဖွဲ့တစ်ဖွဲ့သည် ဩဂုတ် ၁၁ ရက်တွင် ရခိုင်ပြည်နယ်သို့ ထွက်ခွာသွားပြီဖြစ်ကာ ပြည်နယ်အစိုးရအဖွဲ့နှင့်တွေ့ဆုံပေါင်းစည်းညှိနှိုင်းပြီး ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားမရရှိသေးသည့် မြို့ရွာများသို့ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားပေးစနစ်မှ လျှပ်စစ်ဓာတ်အားဆက်သွယ်ဖြန့်ဖြူးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း ကနဦးစူးစမ်းတိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်း။

ထို့ပြင် ယင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့၏ တင်ပြချက်အရ ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ချောမွေ့လျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်မည့် လမ်းပန်းဆက်သွယ်ရေးစနစ်ရရှိရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မေယုတောင်တန်းအား အရှေ့ဘက်နှင့် အနောက်ဘက်ဆက်သွယ်သည့် တောင်ကျော်လမ်း (၄)လမ်းဖောက်လုပ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ဩဂုတ် ၉ ရက်တွင်ကျင်းပခဲ့သည့် အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်နှင့်အညီ လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရက ရသေ့တောင်မြို့နယ်အတွင်းရှိ လိုအပ်သည့်ဒေသများတွင် ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးရဲတပ်ဖွဲ့အင်အားကိုလည်း လက်ရှိအင်အားအပြင် ထပ်မံဖြည့်တင်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တပ်မတော်တပ်ရင်းတပ်ဖွဲ့အင်အားများ ထပ်မံပို့ဆောင်ဖြည့်ဆည်းကာ လုံခြုံရေး၊ နယ်မြေရှင်းလင်းရေးဆောင်ရွက်လျက်ရှိကြောင်း။

မေယုတောင်တန်းပေါ်တွင် အစွန်းရောက်အကြမ်းဖက်သမားများ အခြေပြုခိုအောင်းမှုမပြုနိုင်ရန်အတွက် နယ်မြေရှင်းလင်းရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး မေယုတောင်တန်းပေါ်တွင် မိမိတပ်မတော် တပ်ရင်းတပ်ဖွဲ့ အခိုင်အမာစခန်းများတည်ဆောက်၍ လုံခြုံရေးအချိန်ပြည့် ဆောင်ရွက်နိုင်ရန်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ နေပြည်တော်အတွင်းကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၁၁

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Chung Sye-kyun ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဧည့်သည်တော်ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်နှင့်လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကြကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူတော်ငွေများပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက်မုခ် ရတနာဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။ ထို့မှတစ်ဆင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိပြီး ကျောက်မျက်ရတနာပြတိုက်အရောင်းခန်းမအတွင်းရှိ ပြခန်းများ၊ မြန်မာ့ကျောက်မျက်ရတနာများ၊ ပုလဲနှင့်ကျောက်စိမ်း လက်ဝတ်ရတနာများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(သတင်းစဉ်)

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၁၁

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Woodside Energy (Myanmar)Pte Ltd.သည် ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship" DHIRUBHAI DEEPWATER KG2" (Call Sign: V7PW7)ဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

၂။ ရေနံတွင်းတူးစက် Ultra-Deepwater Drillship" DHIRUBHAI DEEPWATER KG2" ဖြင့် တူးဖော်မည့် တွင်းတည်နေရာများ၏ Coordinates မှာအောက်ပါအတိုင်းဖြစ်ပါသည်-

| Well Name | Latitude | Longitude |
|---|---|---|
| Khayang Swal-A | 19˙36'55.006" N | 91˙54'32.256"E |
| Thalin Nyo-A | 19˙47'55.001" N | 91˙50'21.642"E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင်တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship" DHIRUBHAI DEEPWATER KG2"(Call Sign: V7PW7) ဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းဆောင်ရွက်မည့်တွင်း တည်နေရာဧရိယာမှ ၅၀၀ မီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက်(Notice to Mariners)အားထုတ်ပြန်ထားကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

(၅၀၀)

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၁

မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်မှာ နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



ပြည်သူ့လွှတ်တော် အစည်းအဝေး

# ဖန်းမောက်မြို့နယ်အတွင်း သစ်တောဦးစီးဌာနဝန်ထမ်းများက သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး တရားမဝင်သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းကို ဆောင်ရွက်နေ

နေပြည်တော် ဩဂုတ် ၁၁

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၏ **ဖန်းမော်မြို့မှ ကသာမြို့နယ်သို့ ပြေးဆွဲနေသော သံခွဲမော်တော်တွင်း၌ လေလုံခန်းများ တည်ဆောက်ပြေးဆွဲပေးရန်၊ ၎င်းရေယာဉ်များကို ဥပဒေနှင့်အညီစိစစ်၍ နိုင်ငံတော်ဘဏ္ဍာအတွက် အခွန်ကောက်ခံသွားရန်၊ စည်းမျဉ်းစည်းကမ်းနှင့်မလျော်ညီသော ရေယာဉ်များအား အရေးယူဆောင်ရွက်သွားနိုင်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အမြန်ရေယာဉ်တည်ဆောက်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်းများ၌ ရေယာဉ်၏ဦးခေါင်းပိုင်း၊ ခါးလယ်နှင့်စက်ခန်းရှေ့တို့တွင် ရေလုံခန်းအနည်းဆုံးတစ်ခန်းစီထည့်သွင်းတည်ဆောက်ခြင်းနှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်များပါရှိကြောင်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေနှင့်အညီ တည်ဆောက်ပြီး ရေယာဉ်များအား တိုင်းတာစစ်ဆေးကာ အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်(ရေယာဉ်လိုင်စင်)နှင့် လုပ်ငန်းလိုင်စင်တို့ကိုထုတ်ပေးကြောင်း၊ ဖန်းမော်-ကသာ ခရီးစဉ်ပြေးဆွဲလျက်ရှိသော ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်များမထွက်ခွာမီ နေ့စဉ်စစ်ဆေးမှုကို ဆောင်ရွက်လျက်ရှိကြောင်း။

ရေယာဉ်လိုင်စင်နှင့် လုပ်ငန်းလိုင်စင် သက်တမ်းတိုးရာတွင် အခွန်ပေးဆောင်ပြီးကြောင်း၊ အထောက်အထားမပြသနိုင်ပါက အဆိုပါရေယာဉ်ပြေးဆွဲခွင့်ကို ယာယီ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **မြန်မာနိုင်ငံသစ်တောဝန်ထမ်းများ၏ လုံခြုံရေးအတွက် ယခင်ကကဲ့သို့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ကာ လက်နက်များပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက တရားမဝင်သစ်မှောင်ခိုသမားများ၏ အုပ်စုဖွဲ့ရန်ပြုတိုက်ခိုက်ခံရမှုများမှာ ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦးအပါအဝင် သစ်တောဝန်ထမ်းရှစ်ဦးသေဆုံးခဲ့ပြီး ၄၂ ဦးဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ကြောင်း။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း။

၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၇) ပုဒ်မ ၃၃၈ တွင် "နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ရှိရမည်" ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် ချုပ်သင်းဘေးမဲ့တောနှင့်အလောင်းတော်ကဿပအမျိုးသားဥယျာဉ်ရှိ သစ်တောဝန်ထမ်းများကို ပြည်သူ့စစ်(ဌာနေ)ဝန်ထမ်းအဖြစ် တပ်မတော်မှသတ်မှတ်ကာ လက်နက်များထုတ်ပေးကိုင်ဆောင်ခွင့်ပြုထားခြင်းကဲ့သို့ လက်နက်တပ်ဆင်ပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဖန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ **ဖန်းမောက်မြို့နယ်အတွင်း အုပ်စုဖွဲ့သစ်ခိုးထုတ်နေမှုများအား မည်သို့တားဆီးအရေးယူဆောင်ရွက်ပေးမည်နှင့် စနစ်တကျစီမံထိန်းချုပ်၍ သစ်ခိုးထုတ်နေမှုအား စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဖန်းမောက်မြို့နယ်အတွင်း သစ်တောဦးစီးဌာနဝန်ထမ်းများက သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး တရားမဝင်သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျွန်း ၄၀၂ ဒသမ ၁၅၆၁ တန်၊ သစ်မာ ၂၀၉ ဒသမ ၈၀၁၆ တန်၊ အခြား ၁ ဒသမ ၂၁၂၆ တန်ကို တရားခံ ၃၆ ဦး၊ ယာဉ်ရှစ်စီးနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျွန်း ၁၀၅ ဒသမ ၆၁၇၄ တန်၊ သစ်မာ ၄၄ ဒသမ ၇၂၂၂ တန်၊ အခြား သုည ဒသမ ၂၄၅၀ တန်ကို တရားခံခုနစ်ဦးနှင့် ယာဉ်ခုနစ်စီးကို ဩဂုတ် ၇ ရက်ထိ ဖမ်းဆီးရမိခဲ့ကြောင်း၊ "နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း" အဆိုအား ၂၀၁၇ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဝန်ကြီးဌာနအနေဖြင့် အတည်ပြုပေးနိုင်ရေးတင်ပြခဲ့ပြီး ပြည်သူ့လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းက "**မူလရေအရင်းအမြစ်သဘာဝရေထွက်များ ရေရှည်တည်တံ့နိုင်မြဲရေးအတွက် ဦးစားပေးအဆင့်သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များချမှတ်လမ်းညွှန်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**" အဆိုတင်သွင်း၍ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က ထောက်ခံဆွေးနွေးသည်။ ယင်းအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော "**စာရင်းအင်းဥပဒေကြမ်း**" ကို လက်ခံရရှိကြောင်း အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

**အောင်လှိုင်ဝင်း**

အမျိုးသားလွှတ်တော် အစည်းအဝေး

# အများပြည်သူနှင့်ဒေသဆိုင်ရာဌာနများမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှု သတင်းပေးပို့ပါက အချိန်နှင့်တစ်ပြေးညီ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း၏ **တောင်ငူမြို့ ဒေသဝန်းကျင်ရှိ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ တောင်ငူကြီးမြို့ဟောင်းသည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်သည့်အတွက် ရှေးဟောင်းအဆောက်အအုံများ တည်ရှိရာနေရာဖြစ်ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ဇုန်နယ်နိမိတ်သတ်မှတ်ရာတွင် စံနှုန်းများ၊ ကန့်သတ်ချက်များရှိ၍ လတ်တလောတွင် ဝန်ကြီးဌာနအနေဖြင့် တောင်ငူကြီးမြို့ဟောင်းအား ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်ရန် အစီအစဉ်မရှိသေးကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းမှုများ ဆောင်ရွက်မည်ဆိုပါက ဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တောင်ငူမြို့ရှိ ကျုံး၊ မြို့ရိုး၊ စေတီပုထိုး၊ ရေကန်များ၊ ခံတပ် စသည့်အဆောက်အအုံများသည် သက်တမ်းနှစ် ၁၀၀ နှင့်အထက်ရှိပြီးဖြစ်၍ ဥပဒေအရ ရှေးဟောင်းအဆောက်အအုံများဖြစ်ကြောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် နှစ်စဉ်ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ရှေးဟောင်းအဆောက်အအုံပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၌ တောင်ငူဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန် ခွင့်ပြုရန်ပုံငွေပါဝင်ခြင်းမရှိ၍ ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်မရှိကြောင်း၊ သက်ဆိုင်ရာဂေါပကအဖွဲ့များ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမည်ဆိုပါက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ပူးပေါင်းကူညီကြီးကြပ်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် တောင်ငူမြို့တွင် ဌာနခွဲနှင့် ပြတိုက်တည်ဆောက်ဖွင့်လှစ်ရန် ဖွဲ့စည်းပုံမရှိခြင်း၊ မြေနေရာ၊ ပြတိုက်အဆောက်အအုံ စသည်များမရှိခြင်းတို့ကြောင့် ပြတိုက်ဖွင့်လှစ်ရန် အစီအစဉ်မရှိကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ **သဘာဝဓာတ်ငွေ့ (CNG၊ Compressed Natural Gas) များကို ရန်ကုန်မြို့ရှိ CNG ဆိုင်များသို့ Network ဖြင့် လူနေအိမ်ခြေ ရပ်ကွက်၊ ဈေး၊ တိုက်တာများပေါ်မှ ဖြတ်သန်းဖြန့်ဝေရာ မည်သို့စံနှုန်းမီပိုက်များသုံး၍ အန္တရာယ်မရှိအောင် စနစ်တကျတပ်ဆင်ထားမှု ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က အများပြည်သူအန္တရာယ်ကင်းရှင်းရေးအတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဝန်းကျင်တွင် သိရှိလိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များကို ပိုက်လိုင်းဖြတ်သန်းရာ မြို့နယ်များအလိုက် အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ရှင်းလင်းတင်ပြခြင်း စသည်ဖြင့် Public Awareness လုပ်ငန်းများဆောင်ရွက်လျက်ရှိသကဲ့သို့ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း။

ရွှေပြည်သာရှိ ပိုက်လိုင်းအခြေစိုက်စခန်းမှ ရန်ကုန်မြို့တွင်း CNG ပိုက်လိုင်းများအား Gas Detector များအသုံးပြု၍ အပတ်စဉ်လှည့်လည်စစ်ဆေးလျက်ရှိပြီး လိုအပ်သည်များကို ချက်ချင်းပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူနှင့် ဒေသဆိုင်ရာဌာနများမှ ပိုက်လိုင်းယိုစိမ့်မှု သတင်းပေးပို့ပါကလည်း အချိန်နှင့်တစ်ပြေးညီ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် CNG ဆိုင်တိုင်းရှိ ဆိုင်တာဝန်ခံနှင့် ဝန်ထမ်းများအားလည်း သက်ဆိုင်ရာအလိုက် အရေးပေါ်အခြေအနေတွင်ပိတ်ရမည့် Valve များနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်။

ရှင်းလင်းသင်ကြားပြသထားပြီး အပတ်စဉ် Drill များပြုလုပ်၍ ကျွမ်းကျင်မှုရှိရန်လေ့ကျင့်လျက် ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရန် စီမံထားကြောင်း။

ရန်ကုန်ဧရိယာအတွင်းရှိ ရွှေပြည်သာနှင့် ဖူးကြီးပိုက်လိုင်းစခန်းတို့တွင်လည်း အရေးပေါ် ပိုက်လိုင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ၂၄ နာရီဆောင်ရွက်နိုင်ရန် အဆိုင်းနှစ်ဆိုင်းစီခွဲ၍ တာဝန်ချထားပြီး ချက်ချင်းအရေးယူဆောင်ရွက်နိုင်ရန်စီမံထားကြောင်း ဖြေကြားသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအောင်သိန်း၏ **ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း(Amusement Center)ဟု သဏ္ဍာန်ဆောင်အမည်ပြ၍ ပြည်ပမှတင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်းကစားနည်းမျိုးစုံပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း(Game) ဆိုင်များဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စရိုက်ပါထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေးစိုးရိမ်စိတ်များဖြစ်ပေါ်နေကြရသဖြင့် ယင်းသို့ အကြွေစေ့သုံးလောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ်ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို အမျိုးသားလွှတ်တော် ၄၃ ရက်မြောက်နေ့အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**သူရစော်**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ကဒူးမမှ မော်ဖသို့

မောင်ဆွေသက်

**တစ်ရက်သာအချိန်ရသည်။ ညကျလျှင် သင်္ဘောပြန်ခွာ၍ တောက်လျှောက်မောင်းရမည်။ ရန်ကုန်တရုတ်တန်းမှ ခေါက်ဆွဲတစ်ထုပ်စီစားရသည်ကို ထိုရဲဘော်တွေမှာ အရသာရှိလွန်းလှဘိဟု ခံယူကြသည်။ နေ့သေမလား၊ ညသေမလား၊ သူ့အလှည့်လား၊ ကိုယ့်အလှည့်လားမသိ။ စွန့်စားတိုက်ခိုက်နေရသောကာလမှာ ထမင်းတစ်နပ်စားပြီးသည်နှင့် . . . . .**

လှုပ်ရှားစစ်ဗျူဟာ(၁)သို့ ရောက်ကြသည်။ ရန်သူ့အခြေအနေ၊ မိမိအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်စီမံချက်ကို စစ်ဗျူဟာမှူးကြီးက ရှင်းလင်းတင်ပြရာ မဟာဗျူဟာမှူးကြီးကလည်း ထူးထူးထွေထွေမြင်ဆင်ညွှန်ကြားခြင်းမပြုဘဲ သဘောတူခဲ့သည်သာဖြစ်ပါ၏။

ရှေ့တန်းစစ်ဗျူဟာမှာ နံနက်စာစားကြဖို့ ပြင်ဆင်ဆဲမှာ ဗိုလ်မှူးကြီးထွန်းရီအနားကပ်၍ တိုးတိုးသတင်းပို့ရသည်။ ဆရာတပည့်အထာသိနေပြီမို့ လိုရင်းတိုရှင်းနှစ်ကိုယ်ကြားပြောရသည်။

"ဆရာသမား သတို့သားဗိုလ်ဝင်းမြင့်ကို ပြန်ခေါ်သွားမှဖြစ်မယ်၊ သန်ဘက်ခါ မင်္ဂလာဆောင်ရတော့မယ်"ဟုပြောတော့ သူကလည်း တိုးတိတိပြန်ဖြေသည်။

"ရှုပ်ကို ရှုပ်တယ်"ဟူ၍

နံနက်စာစားဆဲမှာ မဟာဗျူဟာမှူးကြီးက "ကိုထွန်းရီ ခင်ဗျားရဲ့ ဂိုသရီးလေး မင်္ဂလာဆောင်မလို့ဆို၊ ကျုပ်တို့နဲ့ထည့်လိုက်ပါလား"ဟု ပြောကြားလေသောအခါ ဆရာသမားကြီးက တုံနီဘာဝေလုပ်နေသည်။

ဘေးမှရပ်နေသော ကိုဝင်းမြင့်ကို မျက်စပစ်ပြလိုက်ရသည်။ သည်လိုနှင့် ကွမ်းလုံမှ လားရှိုးသို့ အပြန်ခရီးရဟတ်ယာဉ်ပေါ်မှာ သတို့သားလောင်းလေးတစ်ပါးတည်း ပါလာခဲ့ပါတော့သည်။

မအိပ်ရတာကြာလို့ မျက်တွင်းဟောက်ပက်နှင့် ဘောလုံးပန်းလို ထိုးထိုးထောင်ထောင် ဆံပင်က ရှည်ရှည်စုတ်ဖွာဖွာညည်းသိုးသိုး၊ ညစ်ပတ်ပေတူးလေးတစ်ယောက် နောက်လေးဆယ့်ရှစ်နာရီအတွင်းမှာ မင်္ဂလာသတို့သားအဖြစ် ပွဲထွက်ရပေတော့မည်။

ဤသို့ဤနှယ် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း မင်္ဂလာဆောင်ရေးကိစ္စ ဗျူဟာမှူးကြီးကတော်ကြီးက ကျွန်တော့်ကိုပြောခိုင်းခြင်း၊ ကျွန်တော်က ပြောရခြင်းမှာလည်းအကြောင်းရှိ၍ဖြစ်ပါ၏။

၁၉၅၇-၁၉၅၈ ကာလရင်းနှီးမှု-

ကျွန်တော်တို့ခြေမြန်တပ်ရင်း(၁၀၅)မှာ တပ်ခွဲမှူးနှင့် တပ်စုမှူးသုံးယောက်တို့သည် ညီရင်းအစ်ကိုထက် ပို၍ ရင်းနှီးစွာနေခဲ့ကြပါသည်။ တပ်ခွဲတစ်ခုလုံး စုစုစည်းစည်းအနားရသောနေ့ရက်တိုင်းမှာ အရာရှိလေးဦးတန်းစီ၍ အိပ်ကြသည်။ စားအတူ သွားအတူနေခဲ့ကြသည်။

တပ်ခွဲမှူးကြီးက စကားနည်းသလို အမြဲမှန်တေတေနေတတ်သည်။ ညနေစောင်းလျှင် တပ်မတော်ရမ်အရက်ကို တစ်ပက်သောက်သည်။ ထိုထက်လည်း ပိုမသောက်။

ညနေတိုင်းမှာ တွေရာလေးပါးစကားတွေပြောရင်း ညစာစားသည်။ ဆက်ပြောကြသည်။ ညအိပ်ချိန်အထိ သူ့အကြောင်းကိုယ်သိ၊ ကိုယ့်အကြောင်းသူသိဆိုသလို ရင်းနှီးလွန်းလှပါသည်။

တိုင်းပြည်မှာ ရောင်စုံသောင်းကျန်းသူတွေဆူပူမှု အရှိန်အမြင့်ဆုံး ၁၉၄၈-၁၉၄၉ ခုနှစ်မှာ သေနတ်ကိုင်တပ်ရင်း(၄) မြစ်ဝကျွန်းပေါ်ဒေသတွင် တာဝန်ကျသည်။ တပ်ကြပ်ကြီးထွန်းရီ၊ တပ်ကြပ်ကြီးစည်သူ(ဒုတိယဗိုလ်မှူးကြီးကွယ်လွန်)၊ တပ်ကြပ်ကြီးရဲမြင့်(ဒုတိယဗိုလ်မှူးကြီးတင့်ရှိန်) တောင်ကြီးဒေသပါတီကော်မတီဥက္ကဋ္ဌ(ငြိမ်း) စသည့်သူငယ်ချင်းများမှာ ဘီဒီအေကာလက အရာရှိများဖြစ်ပါလျက် ကန္ဒီစာချုပ်အရ တပ်မတော်ပြန်ဖွဲ့သောအခါတပ်ကြပ်၊ တပ်ကြပ်ကြီးအဆင့်များဖြင့် သနက(၄)မှာ ဆက်လက်တာဝန်ယူခဲ့ကြသူများဖြစ်သည်။

ထိုတပ်ကြပ်ကြီးများကပင် တပ်စုမှူးတာဝန်ယူ၍ တိုက်နေခိုက်နေကြရသောကာလဖြစ်သည်။ တိုက်ပွဲတွေ ပြင်းထန်လွန်း၍ လက်နက်ကျည်ဆန်တွေလျော့ပါးလာသည်။ အချိန်မီထုတ်ရန် လိုအပ်လာသည်။ တပ်ကြပ်ကြီးထွန်းရီ ဦးစီးတပ်စုကို နှစ်ထပ်သင်္ဘောနှင့် ရန်ကုန်သို့စေလွှတ်သည်။ ကျည်ဆန်မျိုးစုံထုတ်ယူရေးတာဝန်ပေးလိုက်သည်။ တစ်ညလုံး သင်္ဘောခုတ်မောင်း၍ ရန်ကုန်ရောက်သည်နှင့် ကျည်ဆန်တွေထုတ်ရသည်။

တစ်ရက်သာအချိန်ရသည်။ ညကျလျှင် သင်္ဘောပြန်ခွာ၍ တောက်လျှောက်မောင်းရမည်။ ရန်ကုန်တရုတ်တန်းမှ ခေါက်ဆွဲတစ်ထုပ်စီစားရသည်ကို ထိုရဲဘော်တွေမှာ အရသာရှိလွန်းလှဘိဟုခံယူကြသည်။ နေ့သေမလား၊ ညသေမလား၊ သူ့အလှည့်လား၊ ကိုယ့်အလှည့်လားမသိ။ စွန့်စားတိုက်ခိုက်နေရသောကာလမှာ ထမင်းတစ်နပ်စားပြီးသည်နှင့် တစ်နပ်စာ၊ တစ်ရက်စာအသက်ရှည်လာပါရောလားဟု ပြောလေ့ရှိကြသောဟူ၏။

တပ်ခွဲမှူးဗိုလ်ကြီးထွန်းရီနှင့် ကျွန်တော်တို့ တပ်စုမှူးသုံးယောက်တို့သည် တောထဲတောင်ထဲရောက်နေတုန်းတောထဲရောက်ရာစခန်းချရာမှာလည်းကောင်း၊ စစ်ကိုင်းတပ်မဟာ(၁)မှာ ခေတ္တရပ်နားရလျှင်လည်း တည်းခိုရာတန်းလျားမှာလည်းကောင်း အတူအိပ်ကြသည်။ အတူတူစားကြသည်။

တပ်ခွဲမှူးနှင့် တပ်စုမှူးများသည် စစ်တိုက်ချိန်မှအပ ကျန်အချိန်မှာ ညီအစ်ကိုလိုချစ်ကြသည်။

နေ့ရှိသမျှအတူတကွနေရသူတွေမို့ တပ်ခွဲမှူးကြီးအကြောင်း ကျွန်တော်တို့မေးမိကြသည်ကိုလည်း တပ်ခွဲမှူးအစ်ကိုကြီးက မဟာတဟာအပြုံးနှင့်ပြောပြတတ်သည်။

စစ်ကိုင်းတိုင်း မြင်းမူနယ်သား တပ်ခွဲမှူးကြီးနှင့် ပဲခူးတိုင်း ပဲခူးသူမမတင်တို့ ကြုံဆုံကြပုံ၊ မြတ်နိုးတွယ်တာပုံ၊ အိမ်ထောင်ပြုဖြစ်ပုံမှစပြောပြလေတိုင်း ပုံပြောကောင်းသော အစ်ကိုကြီးနားဝိုင်းအုံနေသော ညီငယ်များပမာ ကျွန်တော်တို့သုံးယောက်မှာ နားထောင်၍မဝနိုင်ကြ။

ထပ်မေးတိုင်းထပ်ပြောသည်။

ထပ်ပြောလည်း ထပ်နားထောင်ကြသည်။

ထပ်၍ထပ်၍နားထောင်ရလည်း မရိုးနိုင်ကြ။

သည်လိုသည်လို ငယ်ဘဝကရင်းနှီးမှုကြောင့်လည်း ဘယ်သူမျှခွင့်မတောင်းရဲသော သတို့သားကိစ္စနှင့်ပတ်သက်၍ စစ်ဆင်ရေးကာလမှာ မမတင်က ကျွန်တော့်ကို တာဝန်ပေးခြင်းဖြစ်သည်။

ကျွန်တော်ကလည်း တာဝန်ကျေခဲ့ပါသည်။

မောင်ဝင်းမြင့်နှင့် မချိုတို့မင်္ဂလာဆောင်ဖြစ်ကြသည်။

သူတို့မင်္ဂလာသက်တမ်း မည်မျှရှိလေပြီလဲ။

ပန်လုံတိုက်ပွဲကတော့ ၁၉၇၁ ခုနှစ်က ဖြစ်ပါ၏။

## ဆဋ္ဌမပိုင်း

**ယာယီတပ်ရင်းမှူး**

တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ရသောကာလ ၂၈ နှစ်မှာ လေ့ကျင့်ရေးတာဝန်၊ စစ်ဆင်ရေးတာဝန်၊ ဦးစီးဌာနတာဝန်မျိုးစုံ ထမ်းဆောင်ခဲ့ရဖူးပါသည်။

စစ်ဆင်ရေးတပ်တွင် တပ်ခွဲမှူး၊ တပ်ရင်းမှူးတာဝန်ယူရသောကာလသည် စိတ်ဝင်စားဖွယ်အကောင်းဆုံးတာဝန်လည်း အလေးနက်ဆုံးဟုယူဆပါသည်။ ကိုယ်စွမ်းကိုယ်စရှိလျှင်ရှိသလို၊ ဉာဏ်စွမ်းဉာဏ်စရှိလျှင်ရှိသလို တီထွင်ကြံဆလုပ်ပိုင်ခွင့်ရှိသည်။

တပ်ခွဲမှူးညံ့လျှင် တပ်ခွဲညံ့မည်၊ တပ်စုမှူးများမှာ တာဝန်မရှိ။

တပ်ရင်းမှူးညံ့လျှင် တပ်ရင်းစွမ်းရည်ညံ့မည်။ အခြားမည်သူ့ကိုမျှလွှဲချ၍မရ။ အထူးသဖြင့် ကိုယ်တိုင်ကွပ်ကဲ၍ ကိုယ်တိုင်ဦးဆောင်ရသော စစ်ဆင်ရေးတပ်ရင်းများမှာ ပိုသိသာပေသည်။

ဆက်လက်ဖော်ပြပါမည်။

# ဝမ်းတွင်းမြို့နယ်အတွင်း မိုးစပါးနှင့်အခြားသီးနှံ စုစုပေါင်းဧက ၂၀၀၀ အတွက် စိုက်ပျိုးရေစတင်ပေးဝေလျက်ရှိ



မိတ္ထီလာ ဩဂုတ် ၁၁

မိတ္ထီလာခရိုင်ဆည်မြောင်းနှင့်ရေအရင်းအမြစ်အသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာနမိတ္ထီလာလွှင်ပြင်လျှပ်စစ်ရေတင်လုပ်ငန်းမှ ဝမ်းတွင်းမြို့နယ်အတွင်း မိုးစပါးနှင့်အခြားသီးနှံစုစုပေါင်းဧက ၂၀၀၀ အတွက် စိုက်ပျိုးရေစတင်ပေးဝေလျက်ရှိကြောင်း သိရသည်။

"ဝမ်းတွင်းမြို့နယ်အတွင်းမှာ မိုးစပါးနဲ့ အခြားသီးနှံအတွက် မူလက ဧက ၁၁၀၀ ကိုသာ မိတ္ထီလာလွှင်ပြင်လျှပ်စစ်ရေတင်လုပ်ငန်းကနေ ရေပေးဝေဖို့ စီစဉ်ခဲ့ပေမယ့် အခုနောက်ထပ်တိုးချဲ့ပြီးတော့ မိုးစပါးနဲ့ အခြားသီးနှံ ဧက ၉၀၀ အတွက် စိုက်ပျိုးရေပေးဝေသွားဖို့ ဆောင်ရွက်နေပါတယ်။ စုစုပေါင်း ဧက ၂၀၀၀ကို စိုက်ပျိုးရေစတင်ပေးဝေနေပါတယ်။ မြေတိုင်ကန်၊ ညောင်ဦးဖီး၊ ညောင်ပင်သာဆယ်ရွာ၊ ခင်ကြီးစတဲ့ ကျေးရွာအုပ်စုတွေက ဒေသခံပြည်သူတွေလည်း ဒီနှစ်မိတ္ထီလာလွှင်ပြင်လျှပ်စစ်ရေတင်လုပ်ငန်းကပေးဝေတဲ့ စိုက်ပျိုးရေနဲ့ စပါးအပါအဝင် မိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းတွေ စတင်လုပ်ကိုင်နေပြီဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းက ပြောသည်။

မိတ္ထီလာလွှင်ပြင်လျှပ်စစ်ရေတင်လုပ်ငန်းသည် ကင်းတားရေလှောင်ဆည်မှပို့လွှတ်လာသည့်ရေကို ရေစုပ်စက်ကြီးများဖြင့် စုပ်တင်ပြီး မြို့ကြီးမြောင်းမတော် အမှတ်(၂)မှ တစ်ဆင့် စမုံမြစ်အတွင်းစီးဆင်းစေ၍ စမုံမြစ်ကြောင်းတွင် ရော်ဘာအိတ်တပ်ရေလှောင်ဆည်တည်ဆောက်ပိတ်ဆို့ကာ ယင်းနေရာမှ ရေစုပ်စက်ဖြင့် ဝမ်းတွင်းမြို့၊ သာစည်မြို့နယ်တို့ရှိ စိုက်ပျိုးမြေဧက ၃၀၀၀၀ နှင့် မြစ်သားမြို့နယ် မိုင်းမောဒေသရှိ စိုက်ပျိုးမြေဧက ၃၀၀၀ ကို မိုးသီးနှံ၊ နွေသီးနှံစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ဒေသပတ်ဝန်းကျင်စိုပြည်ရေးအထောက်အကူပြုစေရန် ၂၀၁၄ ခုနှစ်နိုဝင်ဘာလမှစတင်အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းလုပ်ငန်းဖြစ်သည်။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ကင်းတားဆည်မှ ပို့လွှတ်သည့်ရေရရှိမှုအပေါ် မူတည်ပြီး ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးရွာများရှိ စိုက်ပျိုးမြေများကို စိုက်ပျိုးရေပေးဝေရေးပမာဏကို နှစ်စဉ်စိစစ်ကာ မိတ္ထီလာလွှင်ပြင်လျှပ်စစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးဝေနေခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

# ကြက်ငှက်တုပ်ကွေးရောဂါနှင့် ရာသီတုပ်ကွေးရောဂါထိန်းချုပ်ရေး ပညာပေးဆွေးနွေး

တောင်ကြီး ဩဂုတ် ၁၁

ကြက်ငှက်တုပ်ကွေးရောဂါနှင့် ရာသီတုပ်ကွေးရောဂါထိန်းချုပ်ရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း စိန်မြင့်မိုရ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်ကအမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမေမင်းသိမ့်က ရာသီတုပ်ကွေးရောဂါထိန်းချုပ်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသုတေသနအရာရှိ ဒေါက်တာပန်းမွှင့်ဖြူက ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခေတ္တပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာစံထွန်းဝေက ကျောင်းသုံးဗလာစာအုပ် ၃၆ ဒါဇင်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေအောင်က လက်ခံရယူကြောင်း သိရသည်။

(၄၀၅)

# မွေးမြူရေးပညာပေးသင်တန်းဖွင့်လှစ်

မြိတ် ဩဂုတ် ၁၁

မွေးမြူရေးပညာပေးသင်တန်းဖွင့်ပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စု ပင်းအိုကျေးရွာ အရှေ့ကျောင်းမွှောရုံ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဝင်းဇော်ဦးနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၁၈ ဦးကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းဇော်ဦးက ဝက်မျိုးစိတ်များအကြောင်း၊ ဝက်ခြံဆောက်လုပ်နည်း၊ အစာစပ်ကျွေးနည်း၊ ဝက်တွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ပတ်သက်သည့် အထွေထွေဗဟုသုတများကို သုံးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

www.facebook.com/themyawadydaily

# အမေရိကန်ဒေါ်လာ ၂၈၀ ဖြင့်စတင်ဝယ်ယူနိုင်သည့် Acer ၏ Chromebook 11 C771



Acer ကုမ္ပဏီက နောက်ဆုံးထုတ်လုပ်လိုက်သည့် တန်ဖိုးသင့် Chromebook တစ်လုံးဖြစ်သည့် Chromebook 11 C771 ကို အမေရိကန်ဒေါ်လာ ၂၈၀ ဖြင့် ဝယ်ယူနိုင်ပြီဖြစ်သည်။

မျက်နှာပြင် ၁၁ ဒသမ ၆ လက်မရှိသည့် အဆိုပါ Chromebook သည် Intel ၏ Skylake ဆဋ္ဌမမျိုးဆက် Core Processor များကိုအသုံးပြုထားသည်။

ပုံရိပ်ကြည်လင်ပြတ်သားမှုရှိစေရန် သာမန်အဆင့်မျှသာတပ်ဆင်ပေးထားပြီး RAM 4GB နှင့် Storage 32 GB တို့ကို တစ်ပါတည်းတွဲဖက်ပေးထားသည်။ သို့သော် ယခု Chromebook ၏ထူးခြားသောစွမ်းဆောင်ရည်မှာ ဘက်ထရီအသုံးခံနိုင်ခြင်းဖြစ်ပြီး ၁၂ နာရီမှ ၁၃ နာရီအထိ ဆက်တိုက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း Acer က အတည်ပြုပြောကြားထားသည်။

ထိတွေ့မျက်နှာပြင်နှင့် ထိတွေ့မျက်နှာပြင်မဟုတ်သော မျက်နှာပြင်ပုံစံနှစ်မျိုး ရရှိနိုင်ပြီး ဈေးနှုန်းများကွာခြားမည်ဖြစ်သော်လည်း ယင်းပုံစံနှစ်မျိုးစလုံးတွင်ပါဝင်သည့်မျက်နှာပြင်များကို ၁၈၀ ဒီဂရီအထိ ချိုးနိုင်မည်ဖြစ်သည်။ ***Ref: ZDnet***

# ကင်မရာမှန်ဘီလူး f/1.6 ပါဝင်သော ပထမဆုံးစမတ်ဖုန်းဖြစ်လာမည့် LG V30

LG V30 စမတ်ဖုန်းသည် ကင်မရာမှန်ဘီလူး f/1.6 ပါဝင်မည့် ပထမဆုံးစမတ်ဖုန်းဖြစ်လာနိုင်ပြီး အဆိုပါမှန်ဘီလူးကြောင့် f/1.8 ရှိသည့် iPhone 7 ကဲ့သို့သော စမတ်ဖုန်းများတွင်ပါဝင်သည့် ကင်မရာများထက် အလင်းတောက်ပမှု ၂၅ ရာခိုင်နှုန်းပိုများမည်ဖြစ်သည်။

ထို့ပြင် ပို၍ကျယ်သောအလင်းဝင်ပေါက်ပါရှိသည့်အပြင် ကင်မရာအတွင်းပိုင်းဖွဲ့စည်းမှုတွင်လည်း ဖန်ဖြင့်ပြုလုပ်ထားသောမှန်ဘီလူးပါဝင်သောကြောင့် ပိုမိုပြတ်သားပြီး မှန်ကန်တိကျသော ဓာတ်ပုံများရရှိစေမည်ဖြစ်သည်။

သို့သော် V 30 ပါဝင်မည့်ကင်မရာနှစ်လုံးစလုံးတွင် ယင်းစွမ်းဆောင်ရည်များပါဝင်ခြင်း ရှိ၊ မရှိကို ရှင်းရှင်းလင်းလင်းမသိရသေးသော်လည်း LG က V 30 အပေါ်ထားရှိသည့်စိတ်နေသဘောထားကို မြင်တွေ့နေရပြီဖြစ်သည်။




ပြီးခဲ့သည့်နှစ်နှစ်က ထုတ်လုပ်ခဲ့သည့် V 10 စမတ်ဖုန်းသည် ဈေးကွက်အတွင်းရှိ ကင်မရာဖုန်းများအနက် ဆွဲဆောင်မှုအရှိဆုံးဖုန်းတစ်လုံးဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ထုတ်လုပ်သော V 20 စမတ်ဖုန်းသည်လည်း တခြားစမတ်ဖုန်းများနှင့်နှိုင်းယှဉ်လျှင် အကောင်းဆုံးအသံအရည်အသွေးကိုပေးစွမ်းနိုင်သည်။

ထို့ကြောင့် ယခု V 30 တွင် အထက်ပါအချက်နှစ်ချက်စလုံးကို ထည့်သွင်းပေးဖွယ်ရှိကြောင်း သိရသည်။ ***Ref: The Verge***

# Huawei က Honor 9 အတွက် အရောင်ပုံစံသစ်ပြသ



Honor 9 စမတ်ဖုန်းအတွက် ရွေးချယ်ဝယ်ယူနိုင်မည့် အရောင်ပုံစံသစ်တစ်မျိုးကို Huawei စမတ်ဖုန်းကုမ္ပဏီက ထုတ်ဖော်ပြသလိုက်သည်။

တရုတ်နိုင်ငံအခြေစိုက် Huawei ကုမ္ပဏီသည် အဆိုပါအရောင်၏ အမည်အတိအကျကိုဖော်ပြထားခြင်းမရှိသော်လည်း Google မှတစ်ဆင့် ဘာသာပြန်မှုအရ Blue Bird အရောင်ဖြစ်ကြောင်း သတင်းဌာနများက ဖော်ပြထားသည်။

မကြာသေးမီက Huawei သည် Honor 9 အတွက် အရောင်များကိုရွေးချယ်နေဆဲသာဖြစ်ကြောင်း ကောလာဟလများ ထွက်ပေါ်လာပြီး အဝါရောင်၊ အနီရောင်နှင့် လိမ္မော်ရောင်တို့ကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း သတင်းများလည်း ထွက်ပေါ်လာသည်။

ထို့ကြောင့် ယခုကဲ့သို့ တိကျသော အရောင်သစ်ထွက်ပေါ်လာခြင်းသည် Huawei ချစ်သူများအတွက် အံ့အားသင့်ဖွယ်ရာဖြစ်စေသည်။

အဆိုပါ Blue Bird အရောင်အတွက် စမတ်ဖုန်းဈေးနှုန်းမှာ တခြားအရောင်များနှင့်ပြောင်းလဲခြင်းမရှိဘဲ စွမ်းဆောင်ရည်များလည်း အတူတူပင်ဖြစ်ကာ ယခုလနှောင်းပိုင်းတွင် စတင်ရောင်းချနိုင်ဖွယ်ရှိကြောင်း သိရသည်။ ***Ref: GSMArena***

# ထူးအိမ်သင်အသံနှင့်မတူအောင် ကြိုးစားထားသည့် အဆိုတော် စိုင်းဇေယျာအောင်



သံစဉ်အေးအေးများကို ပိုင်နိုင်စွာသီဆိုနိုင်သည့် အဆိုတော် စိုင်းဇေယျာအောင်၏ ရင်ခုန်သံကြားရင် အော်ဒီယိုအယ်လ်ဘမ်ကို The Sun Music Production မှ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။

"ကျောင်းသားဘဝတုန်းက သီချင်းဆိုတော့ ကျွန်တော်လေးစားရတဲ့ ကိုထူးအိမ်သင်အသံနဲ့ဆင်တယ်လို့ ပြောကြပါတယ်။ ဒါကြောင့် ကျွန်တော်ဒီခွေထဲမှာ ကိုထူးအိမ်သင်ရဲ့ အသံနဲ့မတူအောင် သီဆိုထားပါတယ်"ဟု စိုင်းဇေယျာအောင်ကပြောသည်။

အဆိုပါတေးအယ်လ်ဘမ်ကို လေးနှစ်ကျော်ကြာစီစဉ်ခဲ့ရပြီး MTV ကို စက်တင်ဘာလခန့်တွင် ထွက်ရှိရန်ရည်ရွယ်ထားကြောင်း သိရသည်။

"ဒီအယ်လ်ဘမ်ကိုလုပ်တာ အခက်အခဲတွေအများကြီးရှိပါတယ်။ ကိုယ်လုပ်ချင်တဲ့အလုပ်ကိုလုပ်ရတဲ့အတွက် ကျေနပ်ပါတယ်။ ဆရာမြင့်မိုးအောင်နဲ့ ဆရာညီညီသွင်တို့ဆီ သီချင်းတွေအပ်တော့ သူတို့က ကျွန်တော့်အသံကို နားထောင်ချင်တယ်လို့ပြောတယ်။ ဒါကြောင့် ကျွန်တော်အခွေကြမ်းလုပ်ပြီး ဆရာတို့ဆီကိုပေးပါတယ်။ ကျွန်တော့်အသံကိုနားထောင်ပြီး ဆရာတို့က သီချင်းတွေရေးပေးကြပါတယ်"ဟု စိုင်းဇေယျာအောင်က ပြောသည်။

Pop၊ Pop Rock၊ Country Jazz၊ Hard Rock နှင့် Slow Rock ဂီတမျိုးစုံပါဝင်ပြီး သီချင်းများကို မြင့်မိုးအောင်၊ ညီညီသွင်၊ ဖွန်သင်ဇမ်၊ ကိုနိုင်၊ ဖိုးဦး၊ ကိုမင်းနှင့် ခန့်မင်းတို့ကရေးသားပေးထားကာ Ros တေးဂီတဝိုင်းဖြင့် Esus5 Studio ၌ အသံသွင်းထားကြောင်း သိရသည်။

**အိမ်အိမ်ကေ**

# တစ်ကိုယ်တော်အယ်လ်ဘမ် ထပ်မံထွက်ရှိဦးမည့် Hip Hop အဆိုတော် G fatt



လူငယ်ပရိသတ်များကြား ရေပန်းစားနေသည့် Hip Hop အဆိုတော် G fatt က ထပ်မံထွက်ရှိမည့် သူ၏ဒုတိယတစ်ကိုယ်တော်အယ်လ်ဘမ်တွင် ခံစားချက်နှင့်တိုက်ဆိုင်သည့် တေးသီချင်းစာသားအများဆုံးပါဝင်မည်ဖြစ်ကြောင်း ပြောသည်။

"ကျွန်တော့်ဒုတိယတစ်ကိုယ်တော်ခွေမှာ အသည်းကွဲသီချင်းတွေပါမယ်။ ကျွန်တော့်ခံစားချက်နဲ့တိုက်ဆိုင်တဲ့သီချင်းတွေအများဆုံးပါမယ်။ တခြားအကြောင်းအရာ ခပ်ဆန်းဆန်းလေးတွေလည်းပါမယ်။ ဒီခွေအတွက် ကျွန်တော်သေချာအချိန်ယူပြီး ပြင်ဆင်ထားပါတယ်။ အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားထားတယ်"ဟု G Fatt ကပြောသည်။

ဒုတိယတစ်ကိုယ်တော်တေးစီးရီးတွင် ပါဝင်ထားသည့် တစ်ယောက်ပဲသတ်ချင်တယ်သီချင်းကို လတ်တလောလူငယ်ပရိသတ်များအားပေးနေပြီး ဒုတိယခွေတွင် ပါဝင်မည့် တခြားတေးသီချင်းများကိုလည်း ပရိသတ်များကြိုက်နှစ်သက်မည်ဖြစ်ကြောင်း G Fatt ကပြောသည်။

ဂျင်တေးစီးရီးဖြင့် လူငယ်ပရိသတ်အားပေးမှုရရှိခဲ့သည့် တေးသံရှင် G fatt က သူ၏ ဒုတိယတစ်ကိုယ်တော်တေးစီးရီးကို ယခုနှစ်အတွင်း ထွက်ရှိရန်ပြင်ဆင်နေပြီး ဇာတ်လမ်းတိုများတွင်လည်း ဝါရင့်အနုပညာရှင်များနှင့်အတူ ပါဝင်သရုပ်ဆောင်ဖြစ်ကြောင်း သိရသည်။

**အိမ်အိမ်ကေ**

# ဂျပန်ဖူဂျီဖလင်၏ Brand Ambassador အဖြစ် ရတနာမိုင်ကို ခန့်အပ်



ဂျပန်ဖူဂျီဖလင်၏ Brand Ambassador အဖြစ် အဆိုတော်ရတနာမိုင်ကို တစ်နှစ်ခန့်အပ်ခဲ့ပြီး ဖူဂျီထုတ်ကုန်များနှင့်ပတ်သက်သည့် လှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

"ဖူဂျီရဲ့လှုပ်ရှားမှုတိုင်းမှာ မိုင်လေးက အနုပညာနဲ့ပတ်သက်ပြီး လုပ်ပေးရမှာပါ။ အနုပညာမျိုးဆက်ကို လက်ကမ်းနိုင်တဲ့ အနုပညာရှင်တွေကိုရွေးချယ်တာပါ။ မိုင်လေးနဲ့ မေမေတို့ရဲ့ အပျော်ပုံတွေကို လူမှုကွန်ရက်စာမျက်နှာတွေမှာတင်ရမယ်။ သူတို့ရဲ့စာမျက်နှာတွေမှာလည်းတင်ရမယ်" ဟု ရတနာမိုင်ကပြောသည်။

ရတနာမိုင်အနေဖြင့် ဂျပန်ဖူဂျီဖလင်မှပြုလုပ်သည့် ရှိုးပွဲများတွင်လည်း လိုက်ပါဖျော်ဖြေရမည်ဖြစ်ကြောင်း သိရသည်။

**အိမ်အိမ်ကေ**

နိုင်ငံတကာလူငယ်များနေ့
အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

# ယနေ့လူငယ် နောင်ဝယ်လူကြီး

ယနေ့ကမ္ဘာတွင် လူငယ်များကို လူ့ဘောင်အဖွဲ့အစည်း၏ အနာဂတ်ဖန်တီးရှင်များ၊ ဦးဆောင်ဦးရွက်ပြုမည့်သူများ၊ တန်ဖိုးကြီးသောလူ့စွမ်းအားရှင်များ၊ အသက်သွေးကြောရတနာများဟူ၍ အမျိုးမျိုးဖွင့်ဆိုသတ်မှတ်ကြသည်။ ယနေ့လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ တွေးခေါ်မြော်မြင်ရေးနှင့် စာရိတ္တခိုင်မာရေးတို့မြင့်မားသည်နှင့်အမျှ ထိုနိုင်ငံ၏ အနာဂတ်အရှိန်အဝါများသည်လည်း စဉ်ဆက်မပြတ်ထွန်းလင်းတောက်ပနေမည်ဖြစ်သည်။ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများကို လေ့လာကြည့်လျှင် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည့်စုံကောင်းမွန်သောလူငယ်မူဝါဒများချမှတ်ပြီး ကဏ္ဍအလိုက်စီမံကိန်းများအောင်မြင်အောင် အကောင်အထည်ဖော်လျက်ရှိကြောင်းတွေ့ရသည်။ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ နိုင်ငံတော်စွမ်းအား၊ အဖွဲ့အစည်းစွမ်းအားနှင့် အိမ်ထောင်စု(မိသားစု) စွမ်းအားဟူသော စွမ်းအားများပြည့်စုံမှသာ အောင်မြင်ပေါက်မြောက်မည်ဖြစ်ရာ ကဏ္ဍအလိုက်အားကြီးသည့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် "ယနေ့လူငယ်နောင်ဝယ်လူကြီး"ဆိုသောတန်ဖိုးကိုမြင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လူငယ်ဟူသော အသက်အရွယ်အပိုင်းအခြားအတွက် နိုင်ငံတကာကသဘောတူသတ်မှတ်ချက်မရှိသော်လည်း ကုလသမဂ္ဂ၏ သတ်မှတ်ချက်အရ လူငယ်ဟူသည် အသက် ၁၅ နှစ်မှ ၂၄ နှစ်အထိ အသက်အပိုင်းအခြား၌ အကျုံးဝင်သည်ဟုဆိုသည်။ ကမ္ဘာ့လူငယ်ထုအခြေအနေကို လေ့လာကြည့်မည်ဆိုပါက ဒေသများ၊ နိုင်ငံများ၊ လူ့အဖွဲ့အစည်းများကိုလိုက်၍ လူမှုရေး၊ စီးပွားရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုတို့အရ ကွာဟချက်များ၊ မတူညီမှုများရှိနေကြောင်း တွေ့ရသည်။ ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ ကျော်တွင် လူငယ်ဦးရေသန်း ၁၂၀၀ ခန့်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၁၈ ရာခိုင်နှုန်းခန့် တစ်နည်းဆိုသော် လူခြောက်ဦးတွင်တစ်ဦးမှာ လူငယ်ဖြစ်သည်။ကမ္ဘာ့လူငယ်ဦးရေ ၈၅ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိပြီး အာရှဒေသ၏ ၆၀ ရာခိုင်နှုန်းမှာလူငယ်များဖြစ်ကြသည်။ နိုင်ငံအများစုသည် လူငယ်ပြဿနာများဖြစ်သော ပညာရေးနိမ့်ကျမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု၊ ဆင်းရဲနွမ်းပါးမှု၊ ဝတ်မှတ်ခေါင်းပါးမှု၊ ကျန်းမာရေးမစောင့်ရှောက်နိုင်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောဂါကူးစက်ခံရမှုများနှင့်ကြုံတွေ့နေရပြီး ပညာရေးတစ်ခုတည်း၌ပင် ကမ္ဘာ့မဖွံ့ဖြိုးသောနိုင်ငံများ၏ စာမတတ်သူလူငယ် ၈၀ ရာခိုင်နှုန်းခန့်ရှိသဖြင့် နိုင်ငံအစိုးရများအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၁၉ နှစ်အထိ ၉ ဒသမ ၂ ရာခိုင်နှုန်း၊ အသက် ၂၀ မှ ၂၄ နှစ်အထိ ၈ ဒသမ ၆၁ ရာခိုင်နှုန်းရှိပြီး အသက် ၁၅ နှစ်အထက် စာတတ်မြောက်မှု ၈၉ ဒသမ ၅ ရာခိုင်နှုန်း၊ အသက် ၁၀ နှစ်အထက် စာတတ်မြောက်မှု ၉၀ ဒသမ ၂ ရာခိုင်နှုန်းရှိကာ အသက် ၁၅ နှစ်မှ ၂၉ နှစ်အထိ လူငယ်စုစုပေါင်း၏ ၇ ဒသမ ၇၅ ရာခိုင်နှုန်းမှာအလုပ်လက်မဲ့များဖြစ်ကြောင်း သိရသည်။ စာမတတ်သူလူငယ်များရှိနေခြင်းနှင့် အလုပ်လက်မဲ့လူငယ်များပြားနေခြင်းတို့က နိုင်ငံတော်အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် လက်ရှိအစိုးရသစ်လက်ထက်တွင် ပြည့်စုံခိုင်မာသော"လူငယ်မူဝါဒ" တစ်ရပ်ချမှတ်နိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ လူငယ်မူဝါဒပေါ် ထွက်လာလျှင် လိုအပ်သောလုပ်ငန်းများဆောင်ရွက်ရန် ရှင်းလင်းတိကျ၍ကျယ်ပြန့်သော မူဘောင်တစ်ခုသတ်မှတ်ပေးနိုင်မည်ဖြစ်သည့်အပြင် လူငယ်မူဝါဒမရှိ၍ လက်တွေ့အကောင်အထည်မဖော်နိုင်သောနိုင်ငံ ၃၁ နိုင်ငံစာရင်းမှ မြန်မာနိုင်ငံရုန်းထွက်နိုင်မည်ဖြစ်သည်။ **လူငယ်မူဝါဒဟူသည် "လူငယ်များ၏ ပညာရေး ကျန်းမာရေး လူမှုရေး စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးမှုအရပ်ရပ်အတွက် အနာဂတ်အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်မည့်မဟာဗျူဟာလမ်းညွှန်ချက်များအား သန္နိဋ္ဌာန်ချဆောင်ရွက်ရန် လိုအပ်သမျှသောဝန်ဆောင်မှုအားလုံးဖြင့် ပံ့ပိုးဖြည့်ဆည်းပေးရေး"** ပင်ဖြစ်သည်။ လူငယ်မူဝါဒပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနများအပြင် အခြားဆက်စပ်နီးနွယ်သော ဝန်ကြီးဌာန၊ အဖွဲ့အစည်းများပါဝင်ပြီး လူငယ်များနှင့်ပူးပေါင်းရေးဆွဲလျက်ရှိရာ လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသစ်၏ ပြုပြင်ပြောင်းလဲမှုအရပ်ရပ်ဆိုင်ရာ အဓိကရည်ရွယ်ချက်မှာ "မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုကောင်းမွန်ပြည့်စုံသည့် အနာဂတ်ကိုဖန်တီးပေးရန်" ပင်ဖြစ်သည်။ နိုင်ငံတော်၏အနာဂတ်အကောင်းအဆိုးသည် လူငယ်လူရွယ်များအပေါ်တွင် လုံးဝတည်မှီနေသဖြင့် အရည်အချင်းပြည့်ဝသူလူငယ်များပေါ်ထွန်းရေးအတွက် အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်တို့၌ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင် လေ့လာစူးစမ်းရှာမှီးကြရေး များစွာလိုအပ်သည်။ ယနေ့ကမ္ဘာ့နိုင်ငံများအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ တီထွင်ဖန်တီးနိုင်ရန်၊ နည်းပညာအဆင့်မြင့်မားရန်တို့ကိုအခြေပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံလုံခြုံရေးကဏ္ဍအသီးသီးပြည့်ဝခိုင်မာအောင်တည်ဆောက်ကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိကြသည်။ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် မျိုးဆက်သစ်လူငယ်များ၏ အရည်အသွေးစံနှုန်းမြင့်မားအောင် စဉ်ဆက်မပြတ်ပြုစုပျိုးထောင်ပေးကြမှသာရရှိမည်ဖြစ်သည်။

ယနေ့လူငယ်များ၏ အခက်အခဲများနှင့် စိန်ခေါ်မှုများကို လိုအပ်ချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းသည် အနာဂတ်အတွက် အကျိုးရလဒ်ကြီးမားသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ ကမ္ဘာတစ်လွှား၌ လက်ရှိကြုံတွေ့နေရသော လူငယ်ဆိုင်ရာပြဿနာအရပ်ရပ်ဖြစ်သည့် ဝင်ငွေနည်းပါးမှု၊ ကျားမခွဲခြားဆက်ဆံခံရမှု၊ မသန်စွမ်းမှု၊ အခြားအားနည်းချက်များကြောင့် ဆုံးရှုံးနစ်နာမှုနှင့် နိမ့်ကျမှုတို့မှာ လူငယ်များ၏ဘဝကိုကြီးမားစွာထိုးနှက်လျက်ရှိသည်။ ထို့အတူ အရည်အသွေးပြည့်မီသော ပညာသင်ယူမှု၊ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ရှာဖွေရရှိမှု၊ လူမှုအဖွဲ့အစည်းလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်မှု စသည့်ရသင့်သောအခွင့်အရေးများလည်း ဆုံးရှုံးနေရကြောင်းတွေ့ရှိရသည်။ လူငယ်များအား လုပ်ပိုင်ခွင့်ပေးခြင်းသည် ရေရှည်အတွက် ပိုမိုကောင်းမွန်သည့် အခြေခံအုတ်မြစ်များ ခိုင်ခိုင်မာမာချထားခြင်းပင်ဖြစ်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၌ လူငယ်များကိုဦးစားပေးခြင်း၊ လူငယ်များဦးစီးဦးဆောင်ပြုသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးသက်ရောက်သည့် ဆုံးဖြတ်ချက်အားလုံးတွင် လူငယ်များပါဝင်စေခြင်းအစရှိသည်တို့ကို လုပ်ဆောင်ပေးကြမှသာ အနာဂတ်အတွက် ရေရာသေချာမည်ဖြစ်သည်။

> "လူငယ်ဖွံ့ဖြိုးရေးဟုဆိုရာ၌ လူငယ်တို့၏စွမ်းအားများ ပြည့်ဝစေရေးအတွက် အခြေခံအဆောက်အဦများကို မြှင့်တင်အခြေပြုပြီး ဘဝရည်မှန်းချက်များ ပေါက်မြောက်စေရန်၊ ထကြွလုံ့လရှိရန်၊ စိတ်အားထက်သန်မှုရှိရန်၊ အောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်လိုသော ပြင်းပြသည့်စိတ်ဓာတ်ထားရှိရန်တို့ဖြစ်တည်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။"

ကုလသမဂ္ဂသည် ၁၉၈၅ ခုနှစ်တွင် လူငယ်များအတွက် ပညာရေး၊ အလုပ်အကိုင်၊ ဝတ်မှတ်ခေါင်းပါးမှု၊ ဆင်းရဲမွဲတေမှု၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်၊ မူးယစ်ဆေးဝါး၊ သတင်းအချက်အလက်နှင့်နည်းပညာ၊ HIV၊ AIDS၊ လူငယ်နှင့်ပဋိပက္ခ စသည့်အချက်အလက်များကို ဦးစားပေးကဏ္ဍတွင် ဆောင်ရွက်ရန် ထည့်သွင်းသတ်မှတ်ခဲ့သည်။ ထို့နောက် ၁၉၉၉ ခုနှစ်တွင် နှစ်စဉ်ဩဂုတ် ၁၂ ရက်ကို "နိုင်ငံတကာလူငယ်များနေ့" အဖြစ်သတ်မှတ်၍ ၂၀၀၀ ပြည့်နှစ်မှစတင်ကာ နိုင်ငံတိုင်း၌ နိုင်ငံတကာလူငယ်များနေ့အထိမ်းအမှတ်အခမ်းအနားများကျင်းပစေခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစတင်၍ နိုင်ငံတကာလူငယ်များနေ့ အခမ်းအနားကျင်းပခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့် မိမိတို့နိုင်ငံအတွင်းရှိ လူငယ်များနယ်ပယ်၌ ဖြစ်ပွားတတ်သည့် အခက်အခဲပြဿနာနှင့်စိန်ခေါ်မှုများကို လူငယ်များကိုယ်တိုင်ကျော်လွှားနိုင်ရန်၊ မြန်မာနိုင်ငံအတွင်းရှိ လူငယ်များအတွက် တိုးတက်ကောင်းမွန်သော အခွင့်အလမ်းအပြည့်အဝရရှိပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်၏ အနာဂတ်အင်အားသစ်များဖြစ်ထွန်းစေရန် ရည်ရွယ်လျက်ကျင်းပခြင်းဖြစ်သည်။ ယခုအခါကုလသမဂ္ဂ၏ ကမ္ဘာ့ဖွံ့ဖြိုးမှုလမ်းညွှန်ဖြစ်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) ပန်းတိုင် ၁၇ ရပ် အောင်မြင်ရေးအတွက် အကောင်အထည်ဖော်မှုများဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

လူငယ်ဖွံ့ဖြိုးရေးဟုဆိုရာ၌ လူငယ်တို့၏စွမ်းအားများပြည့်ဝစေရေးအတွက် အခြေခံအဆောက်အဦများကို မြှင့်တင်အခြေပြုပြီး ဘဝရည်မှန်းချက်များပေါက်မြောက်စေရန်၊ ထကြွလုံ့လရှိရန်၊ စိတ်အားထက်သန်မှုရှိရန်၊ အောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်လိုသော ပြင်းပြသည့်စိတ်ဓာတ်ထားရှိရန်တို့ဖြစ်တည်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။ အလားတူပင် လူငယ်များရသင့်ရထိုက်သော အခွင့်အရေးများကို အပြည့်အဝပေးခြင်း၊ အခွင့်အလမ်းဖွင့်ပေးခြင်း၊ မည်သည့်ခွဲခြားမှုမျှမရှိစေဘဲ လူငယ်အားလုံးတန်းတူရည်တူ ပါဝင်ဆောင်ရွက်စေခြင်းတို့ဖြင့် လူငယ့်အားမာန်မြင့်မားအောင် မြှင့်တင်ပေးရေးလိုအပ်သည်။ သို့ပါ၍ လူငယ်များ၏ဘဝကို အကျိုးသက်ရောက်စေမည့်ဆုံးဖြတ်ချက်များတွင် လူငယ်များကိုယ်တိုင်ပါဝင်ဆုံးဖြတ်နိုင်မည့်အခွင့်အလမ်းများရရှိစေပြီး လူငယ်များဘဝတိုးတက်ရေးကိုဦးတည်သော လူငယ်မူဝါဒပေါ်ထွက်လာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြရေးလိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**လင်းအရုဏ်ဦး(ပဲခူး)**

# တစ်ဦးချင်း ငွေကျပ် သန်း ၅၀ အစုအဖွဲ့ ငွေကျပ် သန်း ၅၀၀ အထိ ထုတ်ချေးပေးမည့်အစီအစဉ်အကြောင်းရှင်းလင်း



မုံရွာ ဩဂုတ် ၁၁

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှအကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ (Two Step Loan) အစီအစဉ် ရှင်းလင်းခြင်းအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဖွင့်ဦးစွာ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက JICA ချေးငွေအထောက်အပံ့ဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေအစီအစဉ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် သိလိုသည်များမေးမြန်းရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးမည့် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးချေးငွေသည် စိုက်ဧက တစ်ဧကမှ ဧက ၅၀ အထိ လုပ်ကိုင်သောတောင်သူများ၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ သုံးဦးမှ ၁၀ ဦးအထိပါဝင်သော အစုအဖွဲ့ပုံစံဖြင့်လည်းကောင်း ထုတ်ချေးပေးမည်ဖြစ်သည်။ တစ်ဦးချင်းအတွက် ငွေကျပ် သန်း ၅၀၊ အစုအဖွဲ့အတွက် အများဆုံး ငွေကျပ်သန်း ၅၀၀ အထိ ထုတ်ချေးပေးမည့်အစီအစဉ်ဖြစ်ကြောင်းနှင့် စီမံကိန်းကာလကို (၂၀၁၇ - ၂၀၁၈ )ဘဏ္ဍာနှစ်မှ (၂၀၂၀ - ၂၀၂၁)ဘဏ္ဍာနှစ်အထိ သတ်မှတ်ထားကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(မြ၁၁)

www.facebook.com/themyawadydaily



# စမ်းချောင်းမြို့နယ်ရှိ g & g စတိုးဆိုင်၌ လုယက်မှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းတွင် ၂၄ နာရီဖွင့်လှစ်ရောင်းချနေသော g & g စတိုးဆိုင်၌ ယနေ့နံနက် ၂ နာရီ မိနစ် ၄၀ တွင် လုယက်မှုဖြစ်ပွားကြောင်း အဆိုပါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်ကပြောသည်။

ဖြစ်စဉ်မှာ စတိုးဆိုင်အတွင်းသို့ Mask နှာခေါင်းစည်းတပ်ဆင်ထားသော လူငယ်များဝင်လာပြီး အရောင်းဝန်ထမ်း ကျော်သူရနှင့် သုခတို့နှစ်ဦးအား "မင်းတို့ပစ္စည်းမဟုတ်ဘူး။ အသာလေးငြိမ်ငြိမ်နေပြီး ပါးစပ်ပိတ်နေလိုက်၊ အော်ရင်မင်းတို့နှစ်ယောက်လုံးကို ဓားနဲ့ထိုးသတ်ပစ်မယ်"ဟု ခြောက်လှန့်ပြောဆိုကာ ဓားဖြင့်ထောက်ပြီး အရောင်းဝန်ထမ်း သုခ၏လက်စွပ်မောင်းကွင်းတစ်ကွင်း၊ ဖုန်းနှစ်လုံး၊ ငွေဖြည့်ကတ်များနှင့် ငွေကျပ်လေးသိန်းခန့် စုစုပေါင်းငွေကျပ် ၁၀၅၄၀၀၀ ခန့် လုယူထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လေးယောက်ကိုတော့ မနက် ၁၁ နာရီခွဲလောက်မှာဖမ်းမိထားတယ်။ နှစ်ယောက်ကတော့မမိသေးဘူး။ စီစီတီဗွီမှတ်တမ်းတွေအရ ဖြစ်မှုကျူးလွန်တဲ့သူတွေက Probox ကားနဲ့ရောက်လာတာတွေ့ရတယ်။ ကားနံပါတ်ကိုစုံစမ်းလိုက်တော့စည်သူလွင် (လုယက်ရာတွင်ပါဝင်သူ)ရဲ့အဖေကားဖြစ်နေတယ်။ သူ့အဖေကိုစစ်ကြည့်တော့ စည်သူလွင် ကားမောင်းတတ်တာသိရလို့ ဆက်ပြီးစစ်တဲ့အခါမှာ စည်သူလွင်က အဲဒီကားနဲ့သူသူငယ်ချင်းတွေအပါအဝင် ဖြစ်မှုကျူးလွန်တာစစ်ဆေးတွေ့ရှိရတယ်"ဟု ရဲမှူးအောင်လွင်ကဆက်လက်ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မရမ်းကုန်းမြို့နယ်နေ စည်သူလွင် ၁၉ နှစ်၊ အာယုကျော် ၂၃ နှစ်၊ အောင်ပြည့်မြတ် (ခ)ဖိုးလပြည့် ၂၃ နှစ်၊ လှမျိုးနိုင်(ခ)ကျော်ထူး ၁၉ နှစ်တို့အား ဖမ်းဆီးစစ်ဆေးရာ သက်သေခံပစ္စည်း Oppo Neo-7 လက်ကိုင်ဖုန်းတစ်လုံး၊ ရွှေလက်စွပ်မောင်းကွင်းတစ်ကွင်း၊ ဖုန်းငွေဖြည့်ကတ်မျိုးစုံ၊ ငွေကျပ် ၁၆၀၄၀၀ တို့အား ပြန်လည်သိမ်းဆည်းရရှိထားပြီး စမ်းချောင်းမြို့မရဲစခန်းက (ပ)၃၄၅/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝန်းရံ**

# နတ်မြစ်အတွင်း မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၁

ရခိုင်ပြည်နယ်၊ မောင်တောမြို့အနောက်ဘက်ရှိ နတ်မြစ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ရေ)မှ ကင်းလှည့်ရေယာဉ်တစ်စင်းသည် ယနေ့နံနက် ၂ နာရီခွဲခန့်တွင် ငါးခူရကျေးရွာအနောက်ဘက်ရှိ စံပယ်ပင်ရင်းချောင်းဝသို့အရောက် မသင်္ကာဖွယ်လှေတစ်စင်းအား တွေ့ရှိရသဖြင့် မီးအချက်ပြခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ ဒီရေတောအတွင်း ကမ်းကပ်၍ လှေပေါ်ပါလူများမှာ ထွက်ပြေးသွားခဲ့သည်။

အဆိုပါလှေအား စစ်ဆေးရှာဖွေရာ ပလတ်စတစ်ဖြင့်ထုပ်ထားသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀၀ ပြား (ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၉၅၀ ခန့်)အား သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား မောင်တောမြို့ မူးယစ်တပ်ဖွဲ့စုသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

# နမ့်ခမ်းမြို့နယ်၊ အမှတ်(၂)နောင်စန့်ကုန်းရပ်ကွက်၌ လုပ်သေနတ်များ ပြုလုပ်ရောင်းချနေသူအားဖမ်းဆီးရမိ



ဖမ်းဆီးရမိသူကို သက်သေခံပစ္စည်းများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့၊ အမှတ်(၂)နောင်စန့်ကုန်းရပ်ကွက်ရှိ မာကွန်(ဘ)ဦးဇခုန်တူး၏နေအိမ်၌ လုပ်သေနတ်များပြုလုပ်ရောင်းချနေကြောင်း သတင်းအရ ဩဂုတ် ၁၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သောပူးပေါင်းအဖွဲ့က အဆိုပါနေအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးရာ မာကွန်အား လုပ်သေနတ်တစ်လက်၊ ပွိုင့်-၂၂ ပို့ကျည် ၇၀ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်များအရ ၎င်းသည် တရုတ်နိုင်ငံ၊ ကြယ်ခေါင်မြို့ရှိ ဆောက်လုပ်ရေးပစ္စည်းဆိုင်မှ Rapid Gun တစ်လက်ကိုဝယ်ယူပြီး ၎င်း၏နေအိမ်၌ သေနတ်ဒင်နှင့်ပြောင်းများတပ်ဆင်၍ ခဲသီးများပြုလုပ်ကာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ကွတ်ခိုင်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် မူဆယ်မြို့နယ်များသို့ စုစုပေါင်းလုပ်သေနတ် ၁၅ လက်ခန့် ပြုလုပ်ရောင်းချခဲ့ကြောင်း သိရှိရသည်။

အဆိုပါလုပ်သေနတ်များပြုလုပ်ရောင်းချသူအား တရားဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရန် နမ့်ခမ်းမြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အမှိုက်ကျင်းတူးဖော်ရာမှ ဗုံးသီးဟောင်းများနှင့်ခဲယမ်းများတွေ့ရှိ

နေပြည်တော် ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ဆိပ်ဖူးတောင်ကျေးရွာ၊ ကပ်ကျော်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အမှိုက်ကျင်းတူးဖော်စဉ် ဗုံးသီးများနှင့်ခဲယမ်းများတွေ့ရှိကြောင်း သတင်းအရ ဩဂုတ် ၁၀ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ အလျား ၁၅ လက်မ၊ အချင်း ၄ လက်မ၊ လုံးပတ် ၁၂ ဒသမ ၅ လက်မရှိ ၇၇ မမအမြောက်ကျည်ထိပ်ဖူး(ဟောင်း)တစ်လုံး၊ အလျား ၁၄ လက်မ၊ အချင်း ၃ ဒသမ ၅ လက်မ၊ လုံးပတ် ၁၁ ဒသမ ၅ လက်မ၊ အလေးချိန် ပေါင် ၂၀ ရှိ လေယာဉ်ချဗုံးသီး(ဟောင်း)နှစ်လုံး၊ အလျား ၅ လက်မ၊ အချင်း ၂ လက်မ၊ လုံးပတ် ၆ လက်မရှိ အမြောက်ကျည်ထိပ်ဖူး(ဟောင်း)နှစ်လုံး၊ ၇ ဒသမ ၉ မမ ကျည်(ဟောင်း) ခုနစ်တောင့်နှင့် ၆ ဒသမ ၅ မမ ကျည်(ဟောင်း)ငါးတောင့်တို့ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါတူးဖော်တွေ့ရှိခဲ့သည့် ဗုံးသီးများနှင့်ခဲယမ်းများအား နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာတပ်၌ စနစ်တကျထိန်းသိမ်းထားရှိပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



တူးဖော်တွေ့ရှိသည့် ဗုံးသီးဟောင်းများနှင့်ခဲယမ်းများကိုတွေ့ရစဉ်။

# မူးယစ်ဆေးဝါးသုံးစွဲရောင်းချနေသူများအား ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ အမှတ်(၆)ကျေးရွာနေ မျိုးမြင့်အောင်(ဘ) ဦးသန်းမြင့်ဦး၏နေအိမ်သို့ ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရဝင်ရောက်ရှာဖွေရာ မျိုးမြင့်အောင်အား ၎င်း၏နေအိမ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကျော်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သိန်းကျော်) နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်စပ်သတင်းများအရ အဆိုပါကျေးရွာမှ သန်းဦး(ဘ)ဦးကိုမင်း၏ နေအိမ်ဈေးဆိုင်အား ပူးပေါင်းအဖွဲ့က နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဆက်လက်ရှာဖွေရာ သန်းဦး(ဘ)ဦးကိုမင်းအား ဆိုင်ခန်းအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၁၇ ပြား(ခန့်မှန်းတန်ဖိုးငွေကျပ် ၃ သိန်းကျော်) နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား နမ့်စန်မြို့မရဲစခန်း၌ တရားဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# Yangon Zoo bars visitors from visiting bird cages



Photo shows visitors feeding food to elephants at Yangon Zoological Garden.

**Yangon August 11**

"Visitors to Yangon Zoological Garden are temporarily barred from visiting the bird cages because of the reported cases of avian flu H5N1 virus elsewhere in the country," said manager U Myo Kyaw Thu of the zoo.

"The birds in the zoo are under special care to prevent them from contracting avian flu," he said.

Visitors are temporarily barred from visiting the birds at the instruction of Forestry Department to avoid reciprocal infection of H1N1, H2N2 and H5N1 viruses between people and birds.

"Visitors are allowed to visit the cages of other animals except birds," said U Myo Kyaw Thu.

"The zoo for the time being does not accept wild animals donated from outsiders, and only feeds safe food to animals," said doctor of the zoo Dr Tun Myint.

**Su Latt**

# Decisive actions in need to prevent illegal fishing in Myanmar's waters

**Yangon August 11**

"There is a need to take decisive actions to prevent illegal fishing in Myanmar's waters by foreign countries," said an official of the Yangon Region Government.

"Such actions will contribute to development of fish resources in the country as Myanmar suffers a lot from illegal fishing," he said.

"Though officials are working to prevent illegal fishing, it has not been able to effectively address the problem," he said.

The permanent secretary Dr Khin Zaw of the ministry said that the ministry is working hard for conservation of fish stocks in the country. Last year, the ministry took actions against 25 unlicensed fishing trawlers and 24 fishing trawlers which broke the regulations.

The government has formed coastal region resources management central committee tasked with addressing illegal fishing in the country's waters. The committee is headed by Vice-President U Myint Swe.

**Soe Moe**

# Legislators to deal with new electricity prices next session

**Yangon August 11**

The Ministry of Electricity and Energy is planning to increase electricity prices and will announce its newly fixed electricity prices in the coming session of the parliament, according to permanent deputy-secretary U Htay Aung at the press conference on 10 August.

The move might come in the sixth session of the parliament as the fifth session of the parliament is currently holding in Nay Pyi Taw.

"We are taking measures to change the prices of electricity. It may be at the beginning of next parliamentary session. We are also trying to announce the newly fixed prices as early as possible. After we fix the new power prices, we will announce them," he said.

"Before newly fixed prices are announced, we will hold a meeting with representatives of all sectors," said U Htay Aung.

"Roughly, the meeting will include consumers, international experts, officials of the ministry and representatives of the parliament," he formerly said at a press conference on 13 July.

An attempt to raise electricity prices by the previous administration in November 2013 was abandoned because of public opposition.

The current charge for residential consumers is Ks-35 a unit for up to 100 units, Ks-40 for up to 200 units and Ks-50 for more than 200 units.

Business users are charged Ks-75 a unit up to 500 units, Ks-100 for 501 to 10,000 units, Ks-125 for 10,001 to 50,000 units and Ks-150 for 50,001 to 30,000 units. Per unit price for consumption above 300,000 units is Ks-100.

According to a report of the Ministry of Electricity and Energy, the government was spending Ks-333 billion a year in subsidies and supplying electricity to 37 percent of the country.

**Aung**

# Road accidents increase in Mandalay Region

**Yangon August 11**

The number of road accidents caused by reckless driving in Mandalay Region has increased significantly from January to the end of July compared to the same period last year, according to the Region Traffic Police Force.

Despite the fact that traffic police officers educate the people about traffic rules and road accidents in townships and villages, the number of road accidents was high due to speeding and reckless driving in Mandalay, PyinOoLwin, Kyaukse and Myingyan districts.

"We will increase educative programs and take harsh actions against violations of traffic rules in order to avoid more accidents in remaining months of this year," said a traffic police officer.

There were 476 road accidents from January to July this year, an increase by 92 cases from 385 cases in the same period last year.

**Thiri**

# More body parts of crashed plane Y-8 found



**Nay Pyi Taw August 11**

Naval vessels in cooperation with local trawlers are still searching the remaining debris of the crashed plane Y-8 in the place where the tail section of the crashed plane was found based on sonar images.

Two local trawlers, while dragnetting near the place, could retrieve more body parts of the plane today.

**100**

Photo shows parts of body from crashed plane Y-8.

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# High gold prices impact goldsmiths

**Yangon August 11**

Gold prices have been on the increase in the country since July, affecting on the sale gold items and the goldsmith business as well, according to sources of goldsmiths based in Yangon.

Gold and jewellery shops are experiencing sluggish demand since gold prices have gradually increased since January, and there are fewer orders for goldsmiths as a result. While some of the goldsmith businesses have to make some redundancies, some businesses have to halt operation.

Many of the goldsmiths working in Yangon are from towns outside Yangon, and some have gone back to their respective towns as they find it difficult to find another source of livelihoods after being made redundant.

"When per capita income of citizens has increased to a certain level, the demand for gold and jewellery items might be stable even if gold prices are high," said an official of Myanmar Gold Entrepreneurs Association.

Currently, gold price in the local market is around Ks-909,000 per tical, and because of the increase in exchange rate, and high gold prices in international market, the price is unlikely to decline until next week, predicted local gold shop owners.

**Ko Hsaung (Okkalar)**

# Ministry eases transportation rules of jade stones

**Yangon August 11**

Jade stones produced from Lone Khin-Hpakant Jade Mining Area and Mawlu-Mawhan Jade Mining Area are allowed to be transported and sold in Myintkyina, Kachin State, according to the report of the Ministry of Natural Resources and Environmental Conservation.

"The ministry allows the transportation of class A and Class B of jade stones. Previously, those precious stones have to be sent to Nay Pyi Taw directly. At this time, the ministry eases the transportation rules at the request of the Gems Entrepreneurs Association," said chairman U Zay Hlwan of Kachin State Gems Entrepreneurs Association.

"The move aims for the development of the gems and jewellery market, and to crack down on trafficking and illegal export," described in the report dated 3 August.

In doing so, the merchants have to make sure that they have registered the stones at the value-assessment team and have paid tax for the stones. Thanks to the ease of transportation rules on jade stones, the jade and gems industry may be developed and more job opportunities can be created in Kachin State.

"We request the Union Minister to allow the transportation of jade stones to Myintkyina. Previous rules and regulations cause difficulties for the development of the market. Hence, the Union Minister allows it," said U Zay Hlwan.

"Previously, the ministry only allowed transporting class C and class D raw jade stones from the jade mining areas to Myintkyina. Those stones were low-quality jade stones," he added.

"The move can lead to the development of jade market in Kachin State," said U Zay Hlwan.

**Aung**



Locals examine the quality of a jade stone in the Hpakant Jade Mining Area of Kachin State.

# US investments expected to double in next three years

**Yangon August 11**

U Aung Naing Oo, secretary of Myanmar Investment Commission (MIC) said US's investment in the country is expected to double in the coming three years as the US has already lifted economic sanctions against Myanmar.

US investors are becoming interested in monetary sector like insurance service, technology sector and gems sector.

Officials of the MIC and Union Minister U Kyaw Win for Planning and Finance are discussing on a plan to relax some restrictions on gems sector in order to encourage the inflow of foreign investments into it.

Investments in local insurance sector remain low as the government has not allowed foreign investments in it. The US's total investments in the country have reached about US$-250 million till now.

The inflow of foreign investments is based on the removal of restrictions on policies.

**Kyaw Ko**

# Ahlone shopkeepers stage protest march

**Yangon August 11**

More than 250 shop owners from Ahlone market staged a protest march against the construction of market in Ahlone Township in Yangon this morning.

The protest march came after the market committee changed the market design from two-storey to three-storey structure. Protestors called for the allocation of them at original places.

Ko Myo Min Thu, a protest leader said: "We object to the market committee's plan. The committee turns a blind eye to our desires even when the State Counsellor values the people's voices. We protest against the development affairs committee."

They also staged a protest in front of the township political party office as the MP doesn't take responsibility.

U Maung Hla, a shopkeeper said: "We want the original condition. We are not convenient as fish and meat shops will be allocated on the ground floor and other shops, the upstairs. We previously agreed to build the two-storey building design."

Daw Than Than Hla, a vegetable seller said: "I participate in the protest march as I suffer loss. A total of 263 shopkeepers joined the protest march. I want the original condition. I have been selling vegetables here for 17 years."

**Htet Khaing (Sanchaung)**

# Survey conducted on sewage water disposal in industrial zones

**Yangon August 11**

Environmental Conservation Department under the Ministry of Natural Resources and Environmental Conservation will conduct a survey on sewage water disposal of 25 factories in industrial zones of Yangon this month as the Hlaing River is contaminated with sewage water, said its director Daw Kin Thidar Tin.

Since 2015, the department has been conducting water quality surveys in cooperation with Japan International Cooperation Agency (JICA).

"We take samples of sewage water and send them to laboratories. But lab results are different. We have to send samples from 25 factories to Japan. We will seek ways to control river water quality," she added.

Yangon sees increasing number of factories. Water colour and ecosystem have changed as most of the factories lack systematic treatment of sewage water.

The department plans to conduct surveys in the factories of Hlaingthaya, Shwepyitha, Shwelinpan and Wahtaya industrial zones in Yangon.

Water pollution control methods will be submitted to the Yangon Region Government and the ministry.

**Su Latt**

12-8(P_19)YM.indd 1 www.facebook.com/themyawadydaily 8/11/2017 10:42:54 PM

# Philippines declares first ever H5 bird flu outbreak

**Manila August 11**

The Philippines declared its first ever outbreak of the H5 strain of bird flu on Friday, but said there had been no cases of humans infected.

An immediate cull was ordered for all chicken, ducks and quail within a kilometre (0.6 miles) of the infected poultry in San Luis town, north of Manila, said Agriculture Secretary Emmanuel Pinol.

The health department was meanwhile monitoring the health of farm workers exposed to the infected birds, he added.

"So far we do not have any reported animal to human transmissions," Pinol told a news conference.

Pinol said the infected birds tested positive for avian influenza Type A, sub-type H5.

The avian flu strains that have been known to jump to humans are the H5N1 and H5N7 subtypes, said Celia Carlos, director of the health department's Research Institute for Tropical Medicine.

Philippine officials have not yet said which H5 subtype the infected birds carried.

"The transmission risk is low, but the mortality is high. It is a concern," said Carlos, especially for infants as well as people suffering from other ailments.

The World Health Organization has monitored 453 human deaths from 859 cases of avian influenza since 2000, with Asia accounting for 41 percent of all cases.

The Philippines had not previously reported any human cases, according to WHO data.

About 200,000 birds would have to be put down and their carcasses buried, Pinol said, adding farmers would be compensated.

The six infected Philippine farms only sold their products to local consumers and none had been exported, Pinol said.

However, the outbreak began in April and the farm owners had neglected to report it to the authorities immediately, he added.



**An immediate cull was ordered for all chicken, ducks and quail within a kilometre (0.6 miles) of the poultry infected with bird flu in San Luis town, north of Manila.**

**AFP**

# Nigerian forces in 'unauthorised search' of UN camp: UN

**Kano August 11**

Nigerian forces conducted an unauthorised search of the UN's main operating base in the town of Maiduguri in the country's northeast in the early hours Friday, the UN told AFP.

"Members of the Nigerian security forces entered a United Nations base for humanitarian workers in Maiduguri, northeast Nigeria, without authorisation," the UN Office for the Coordination of Humanitarian Affairs in Nigeria said by email.

An internal UN memo seen by AFP suggested that the Nigerian forces may have been searching for the leader of jihadist group Boko Haram, Abubakar Shekau, after rumours spread locally that he was hiding in the compound known as the "Red Roof".

All UN staff in Maiduguri were ordered to work from home by the note which warned of demonstrations against the organisation and other foreign groups active in the area.

A UN source told AFP such searches are illegal under international law and risk raising suspicions about the organisation's work. **AFP**

# India says economy could slow down

**New Delhi August 11**

India's economy is at risk of slowing down in the current fiscal year, the government said in a mid-year economic survey Friday.

In February, the government had forecast GDP growth of between 6.75 percent and 7.5 percent for 2017/2018.

But on Friday it warned there were several factors including the appreciation of the rupee and the introduction of a new goods and services tax that could hit growth.

"Deflationary tendencies are weighing on an economy yet to gather its full growth momentum and still away from its potential," Chief Economic Adviser Arvind Subramanian said in the survey.

India's growth slowed to 6.1 percent in the fourth quarter ending March after Prime Minister Narendra Modi's shock move in November to remove nearly 90 percent of the currency from circulation to crack down on tax evaders.

That was slower than rival China, although the growth figure for the full year was still higher at 7.1 percent.

Experts predict a further slowdown in the economy as businesses adjust to a new national goods and services tax launched last month.

The survey called for a further drop in interest rates -- currently at 6 percent after a 25 basis points cut last week.

"Sustaining current growth trajectory will require action on more normal drivers of growth such as investment and exports and cleaning up of balance sheets to facilitate credit growth," it said.

**AFP**

# Nine inmates killed in Mexico prison riot

**Mexico City August 11**

Nine inmates were killed Thursday as gang members stabbed and bludgeoned their rivals to death in a prison brawl in Mexico, authorities said, the latest deadly violence in the country's jails.

The fight broke out at a prison in Reynosa, a city near the US border in the northeastern state of Tamaulipas.

"Two groups of prisoners were involved in a clash, using weapons such as clubs, stones and shanks," the state government said in a statement.

"Nine inmates died and two were wounded."

The riot broke out on visitation day, and guards "focused their efforts on protecting (inmates') families," it said.

State police were sent in to bring the brawl under control, firing shots in the air to break it up.

Mexico's overcrowded prisons are plagued by riots, revenge killings and jailbreaks, and powerful gangs often hold de facto control inside.

The prison system in Tamaulipas, a state racked by the deadly violence of Mexico's drug cartel wars, had already made bad headlines twice this year.

In March, 29 inmates escaped through a tunnel from a prison in Ciudad Victoria. And in June, seven people were killed, including three police, when officers stormed the same prison to regain control from inmates who had been stockpiling guns.




Mexico's overcrowded prisons are plagued by riots, revenge killings and jailbreaks, and powerful gangs often hold de facto control inside.

**AFP**

# Why yoga is the key to a better memory: Pastime thickens brain areas linked with attention

- **Researchers have found yoga-loving pensioners had a thicker prefrontal cortex**
- **This region of the brain involved in complex cognition, including memory**
- **Experts say it could be because yoga involves high levels of concentration**

Yoga could prevent you from losing your memory as you get older, if new research is to be believed.

Embracing the downward dog, half tortoise or sleeping hero helps thicken part of the brain responsible for recollection.

The trendy pastime, adored by various Hollywood celebrities, also has the same benefits on attention, scientists claim.

Brazilian researchers found yoga-loving pensioners had a thicker prefrontal cortex - the region of the brain involved in complex cognition.



Embracing the downward dog, half tortoise or sleeping hero helps thicken part of the brain responsible for recollection.

To make the findings, researchers at Hospital Israelita Albert Einstein, Sao Paulo, scanned the brains of 42 women.

Each participant was over the age of 60, and half had practiced yoga - an ancient Indian science - for at least 15 years, Healthday reports.

Study author Elisa Kozasa said: 'The yoga group presented a greater cortical thickness in brain regions involved in executive functions such as attention.'

The findings remained true after adjusting for various factors that may influence size, including education levels.

Dr Kozasa suggested the discovery, based solely on one-time brain scans, could be because yoga involves concentration - which helps to keep the brain active.

The effects of ageing

Ageing is associated with less volume in cortical areas of the brain, most notably those responsible for attention tasks.

Various evidence uncovered in recent years points to a strong link between good memory and a thicker prefrontal cortex.

But Dr Kozasa was quick to stress that it's 'too soon to state that yoga can protect your brain against dementia'.

But researchers were skeptical of the findings, published in the journal Frontiers in Aging Neuroscience.

However, they said that more research is needed to accurately measure the effects of yoga on the brain.

Other studies saying the same

It isn't the first time that yoga has been found to keep the mind sharp. Australian scientists made a similar discovery last May.

They noted how stretching and meditation appeared to work better at preventing dementia than brain training games.

**Mail Online**

**YOGA TO PREVENT CANCER**

Yoga and meditation reduce our risk of cancer by changing our DNA, research revealed in June.

People who practice so-called mind-body interventions produce lower amounts of molecules that activate inflammation-causing genes.

Inflammation has long been linked to cancer, accelerated ageing and poor mental health.

Lead investigator Ivana Buric from the University of Coventry, said: 'Millions of people around the world already enjoy the health benefits of MBIs like yoga or meditation.

'But what they perhaps don't realise is that these benefits begin at a molecular level and can change the way our genetic code goes about its business.'

# China should be 'neutral' if N. Korea strikes US: state-run daily

**Beijing August 11**

A Chinese state-run newspaper called on Beijing on Friday to "stay neutral" if North Korea strikes first in a conflict with the United States, despite a mutual defence pact between the Asian allies.

The nationalistic Global Times tabloid said in an editorial that Washington and Pyongyang were playing a "reckless game" that could lead to "miscalculations and a strategic 'war'".

"Beijing is not able to persuade Washington or Pyongyang to back down at this time," the Global Times said.

"It needs to make clear its stance to all sides and make them understand that when their actions jeopardize China's interests, China will respond with a firm hand."

The commentary came after Washington warned North Korea this week it faced "fire and fury like the world has never seen" if it continued to threaten the US with its missile and nuclear programmes.

That prompted a defiant Pyongyang to threaten a missile attack on Guam, a tiny US territory in the Pacific that is home to major US air and naval facilities.

China -- which has been accused by the US of not doing enough to rein in its longtime ally -- has maintained that political dialogue is the only solution.

China fought alongside the North in the 1950-53 Korean War and the two nations signed a mutual defence pact in 1961, but the Global Times suggested Beijing should remain on the sidelines if Pyongyang launches the first salvo in a new conflict with the United States.

"China should also make clear that if North Korea launches missiles that threaten US soil first and the US retaliates, China will stay neutral," the editorial said.

"If the US and South Korea carry out strikes and try to overthrow the North Korean regime and change the political pattern of the Korean Peninsula, China will prevent them from doing so."

**AFP**

# Cambodia PM gives ultimatum to Laos over 'border invasion'

**Phnom Penh August 11**

Cambodia's Prime Minister on Friday issued a six-day ultimatum to Laos to pull back troops who have allegedly trespassed into a border area or face a military response.

Around 30 Laos soldiers have been stationed in Cambodia's northern Stung Treng Province since April despite repeated requests by Phnom Penh for them to leave, according to strongman premier Hun Sen.

"I appeal to Laos Prime Minister Thongloun Sisoulith to withdraw troops from Cambodian territory without any conditions," Hun Sen said during a ceremony in Phnom Penh.

Military commanders have been ordered to deploy troops along with multiple rocket launchers to the border area, he said, giving Laos the "ultimatum" of pulling out by August 17.

"We are friends, but a friend cannot step on (our) head," said the mercurial leader, who often leans on ultra-nationalist rhetoric to drum up support, especially ahead of election season.

"We are not waging war, but we just want our land back," he said, adding that he was running out of patience with "the invasion" by Laos troops.

According to Hun Sen the Laos soldiers crossed into Cambodia to halt the construction of a road.

Later on Friday Cambodia's Foreign Ministry announced that Hun Sen would fly to the Laos capital Vientiane on Saturday to meet with his counterpart to hash out a solution.

Cambodia and Laos share a 540-kilometre (335-mile) land border but large tracts have not been officially demarcated, leading to territorial squabbles.

For years Cambodia was locked in a bitter territorial dispute with Thailand over the ancient Preah Vihear temple near their shared border, with 28 people killed in the worst clashes in 2011.

**AFP**

# တောင်တရုတ်ပင်လယ်အတွင်း အမေရိကန်ရေတပ်၏ကင်းလှည့်မှုက စစ်ရေးပြင်ဆင်မှုပိုမိုလုပ်ဆောင်ရန်ဖိအားပေးရာရောက်ဟု တရုတ်သတိပေး



ပေကျင်း ဩဂုတ် ၁၁

တောင်တရုတ်ပင်လယ်အတွင်း အမေရိကန်ရေတပ်၏ကင်းလှည့်မှုသည် ယင်းပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံ၏ စစ်ရေးပြင်ဆင်မှုကိုပိုမိုတိုးမြှင့်လုပ်ဆောင်ရန် ဖိအားပေးနေခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံကသတိပေးချက်ထုတ်ပြန်လိုက်သည်။

အမေရိကန်ရေတပ်မှ ဖျက်သင်္ဘောတစ်စင်းဖြစ်သည့် ဂျွန်အက်(စ်)မက်ကိန်းသည် တရုတ်နိုင်ငံကပိုင်ဆိုင်သည်ဟု အကြိမ်ကြိမ်ပြောဆိုထားသော မစ်ချီကျောက်တန်းအနီးမှ ဩဂုတ် ၁၀ ရက်တွင် ဖြတ်သန်းမောင်းနှင်သွားပြီးနောက် တရုတ်နိုင်ငံကယခုကဲ့သို့ သတိပေးချက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်အတွင်းရှိ ပိုင်နက်အငြင်းပွားကျွန်းများနှင့် ကျောက်တန်းများအနီးမှ လွတ်လပ်စွာရေကြောင်းသွားလာမှုစစ်ဆင်ရေးလုပ်ဆောင်မှုသည် ယင်းနယ်နိမိတ်အတွင်း အမေရိကန်ရေတပ်၏တည်ရှိမှုကို တရုတ်နိုင်ငံသာမက မည်သည့်နိုင်ငံ၏တရားဝင်စိန်ခေါ်မှုကို အမေရိကန်က လက်မခံကြောင်းပြသခြင်းဖြစ်သည်ဟု သိရသည်။

သို့သော် အမေရိကန်ပြည်ထောင်စုသည် ဒေသတွင်းပဋိပက္ခတွင် ကြားဝင်နှောင့်ယှက်နေခြင်းဖြစ်ကြောင်းနှင့် ယင်းသို့လုပ်ဆောင်ခြင်းကြောင့် တရုတ်နိုင်ငံကရင်းတို့၏အချုပ်အခြာအာဏာကိုကာကွယ်ရန်အတွက် ယင်းပင်လယ်အတွင်းစစ်ရေးပြင်ဆင်မှုများကို ပိုမိုလုပ်ဆောင်သွားရန် တွန်းအားပေးရာရောက်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှထုတ်ပြန်သည့် အစီရင်ခံစာများတွင်ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ၎င်းတို့လျှောက်လှမ်းနေသည့်လမ်းကြောင်းများကို ပြင်ဆင်ရန်နှင့် လွတ်လပ်စွာရေကြောင်းသွားလာမှုဟူသောအမည်ဖြင့် ကျူးကျော်ရန်စမှုများကိုရပ်တန့်ရန် တရုတ်နိုင်ငံကအခိုင်အမာတိုက်တွန်းကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ဝူချင့်က ဝန်ကြီးဌာနဝက်ဆိုက်တွင် ပြောသည်။

မြောက်ကိုရီးယား၏ နျူကလီးယားခြိမ်းခြောက်မှုများပပျောက်စေရန်အတွက် တရုတ်နိုင်ငံက ၎င်းတို့၏ဩဇာလွှမ်းမိုးမှုကိုအသုံးပြုကာ တစ်ဖက်တစ်လမ်းမှအကူအညီပေးရန် အမေရိကန်ကတောင်းဆိုထားပြီး ထိုသို့ကူညီမှုမရှိပါက တရုတ်နိုင်ငံအပေါ် စီးပွားရေးအရပြစ်ဒဏ်ချမှတ်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က သတိပေးထားသည်။

***Ref: The New York Times***

# IS တို့လက်မှလွတ်မြောက်လာသော အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦး မိခင်နိုင်ငံသို့ပြန်လာ

ဂျကာတာ ဩဂုတ် ၁၁

ဆီးရီးယားနိုင်ငံအတွင်းရှိ IS စစ်သွေးကြွများလက်မှ လွတ်မြောက်လာသော အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦးသည် မိခင်နိုင်ငံသို့ ပြန်လာပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၁၁ ရက်တွင်ပြောသည်။

IS စစ်သွေးကြွများလက်မှ လွတ်မြောက်လာသူ ၁၇ ဦးတွင် ဆယ်ကျော်သက်များ၊ အမျိုးသမီးများနှင့် နို့စို့ကလေးငယ်များပါဝင်ပြီး ၎င်းတို့အားလုံး ဆီးရီးယားနိုင်ငံမှထွက်ခွာလာကာ ယခုအခါ အီရတ်နိုင်ငံအတွင်းသို့ရောက်ရှိနေပြီဖြစ်ကြောင်း အင်ဒိုနီးရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အေအမ်ဖာချာက ပြောသည်။

၎င်းတို့သည် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် အင်ဒိုနီးရှားနိုင်ငံအတွင်းမှထွက်ခွာပြီး ဆီးရီးယားနိုင်ငံ ရက်ကာမြို့ရှိ IS စခန်းတစ်ခုတွင် ရက်ပေါင်း ၄၀ ကြာ နေထိုင်ခဲ့ရကြောင်း၊ နိုင်ငံရပ်ခြားရှိ အင်ဒိုနီးရှားနိုင်ငံသားများနှင့် အဆောက်အအုံများကာကွယ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး လာလူ မူဟာမက် အီဘယ်က ပြောသည်။

၎င်းတို့သည် IS စစ်သွေးကြွအဖွဲ့သို့ရောက်ရှိပြီးနောက် တိုက်ခိုက်မှုများလုပ်ဆောင်ရန်ခိုင်းစေခြင်းကို ငြင်းဆိုသဖြင့် အကျဉ်းထောင်သို့ ပို့ခံထားရခြင်းဖြစ်ကြောင်း အီဘယ်က ပြောသည်။

***Ref: Xinhua***

# ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ဝင်ရောက်လာသည့် လာအိုတပ်ဖွဲ့ဝင်များ ပြန်လည်မထွက်ခွာပါက အင်အားသုံးနှင့်ထုတ်မည်ဟုဆို

ဖနွမ်းပင် ဩဂုတ် ၁၁

အိမ်နီးချင်းလာအိုနိုင်ငံမှတပ်ဖွဲ့ဝင်ဒါဇင်ပေါင်းများစွာသည် ကမ္ဘောဒီးယားနိုင်ငံ နယ်နိမိတ်အတွင်းသို့ဝင်ရောက်လာကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်ကပြောသည်။

လာအိုတပ်ဖွဲ့ဝင်များအနေဖြင့် ဩဂုတ် ၁၇ ရက်နောက်ဆုံးထား၍ နိုင်ငံအတွင်းမှ မထွက်ခွာပါက အင်အားသုံး၍နှင့်ထုတ်မည်ဖြစ်ကြောင်း ဟွန်ဆန်ကသတိပေးခြိမ်းခြောက်ထားသည်။ ၎င်းအနေဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သော လာအိုနိုင်ငံနှင့် အငြင်းမပွားလိုကြောင်း၊ သို့သော် အဆိုပါအခြေအနေမျိုးကိုမူ ခွင့်ပြုမည်မဟုတ်ကြောင်း ဟွန်ဆန်က ဖနွမ်းပင်မြို့၌ ဩဂုတ် ၁၁ ရက်တွင် မိန့်ခွန်းပြောစဉ် ထည့်သွင်းပြောဆိုခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနှင့်လာအိုနိုင်ငံသည် ယခင်ကတည်းက မဟာမိတ်နိုင်ငံများဖြစ်သော်လည်း ယခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ စတန်ထရန်းပြည်နယ်၏ နယ်စပ်အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သဘောထားတင်းမာမှုများဖြစ်ပေါ်လာသည်။ ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ လာအိုတပ်ဖွဲ့ဝင်များဝင်ရောက်လာမှုနှင့်ပတ်သက်၍ ဖနွမ်းပင်မြို့ရှိ လာအိုသံရုံးသို့ ဖုန်းခေါ်ဆိုမှု၊ အီးမေးများပို့ထားသော်လည်း ပြန်လည်ဖြေကြားခြင်းမျိုးမရှိသေးကြောင်း သိရသည်။

***Ref: Fox News***

# နျူကလီးယားကင်းစင်သော ကမ္ဘာကြီးဖြစ်စေလိုသည်ဟု ထရမ့်ပြော





ဝါရှင်တန် ဩဂုတ် ၁၁

မြောက်ကိုရီးယား၏ရန်စမှုများနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန်တုံ့ပြန်သွားမည်ဟုပြောထားသော်လည်း ယနေ့ကမ္ဘာကြီးကို နျူကလီးယားကင်းစင်သောကမ္ဘာဖြစ်စေလိုကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၁၀ ရက်တွင် သတင်းထောက်များအားပြောသည်။

ကမ္ဘာကြီးကိုနျူကလီးယားကင်းစင်စေလိုသော်လည်း အမေရိကန်ပြည်ထောင်စုသည် အချိန်ကာလတစ်ခုအထိ ကမ္ဘာပေါ်တွင်နျူကလီးယားအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း ထရမ့်ကပြောသည်။

ထို့ပြင် မြောက်ကိုရီးယားနှင့်အခြားတိုင်းပြည်များ၏ ခြိမ်းခြောက်မှုများရှိနေသည့်အတွက် ဒုံးကျည်ကာကွယ်ရေးနည်းပညာထွန်းကားရေးကိုအားပေးကာ ငွေကြေးပိုမိုစိုက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ထရမ့်က နယူးဂျာစီပြည်နယ်ရှိ ၎င်း၏အပန်းဖြေစခန်း၌ပြုလုပ်သော လုံခြုံရေးအစည်းအဝေးအပြီးတွင် သတင်းထောက်များအားပြောခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များကို တိုးတက်ထုတ်လုပ်လျက်ရှိပြီး ယခုလအတွင်းမှာပင် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်နှစ်စင်းကို စမ်းသပ်မှုများလုပ်ဆောင်ခဲ့သည်။ ထို့ပြင် ယင်းနိုင်ငံသည် ၎င်းတို့၏ဒုံးကျည်များတွင် တပ်ဆင်ပစ်ခတ်နိုင်သည့် အသေးစားနျူကလီးယားလက်နက်များကိုလည်း ထုတ်လုပ်နိုင်ပြီဖြစ်သည်ဟု သတင်းဌာနများက ယခုရက်သတ္တပတ်တွင်ဖော်ပြထားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုအသစ်များချမှတ်ပြီးနောက် အမေရိကန်ပိုင် ဂူအမ်ကျွန်းကို တိုက်ခိုက်မှုများပြုလုပ်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရကခြိမ်းခြောက်ထားသည်။

သို့သော် အကယ်၍ မြောက်ကိုရီးယားအနေဖြင့် ရန်စခြိမ်းခြောက်မှုများကိုဆက်လုပ်နေမည်ဆိုပါက တစ်ကြိမ်တစ်ခါမျှမတွေ့မမြင်ဘူးသော အမျက်ထွက်လက်တုံ့ပြန်မှုနှင့် ရင်ဆိုင်ရမည်ဟု ထရမ့်ကပြောထားသည်။

အမေရိကန်ပြည်ထောင်စုတွင် နျူကလီးယားထိပ်ဖူး ၆၈၀၀ ခန့်ရှိကြောင်း၊ ၄၀၀၀ ခန့်ကိုစုပုံထားကာ ၁၈၀၀ ခန့်ကိုဖြန့်ကြက်ထားကြောင်း အမေရိကန်သိပ္ပံပညာရှင်များအဖွဲ့ချုပ်မှထုတ်ပြန်သောအချက်အလက်များအရသိရသည်။ ***Ref: Washington Examiner***

# ဂျပန်ပင်လယ်ပြင်အတွင်း တရုတ်၏စစ်ရေးလှုပ်ရှားမှုများတိုးမြှင့်လာခြင်းနှင့်ပတ်သက်၍ တရုတ်လေတပ်ဦးစီးချုပ်ကာကွယ်ပြောဆို



ပေကျင်း ဩဂုတ် ၁၁

ဂျပန်ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုများတိုးမြှင့်လာခြင်းနှင့်ပတ်သက်၍ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ပြီးနောက် ယင်းပင်လယ်ပြင်သည် ဂျပန်နိုင်ငံပိုင်မဟုတ်ကြောင်း တရုတ်လေတပ်ဦးစီးချုပ်က ၎င်းတို့၏စစ်ရေးလှုပ်ရှားမှုများနှင့်ပတ်သက်၍ ကာကွယ်ပြောဆိုလိုက်သည်။

ဂျပန်ပင်လယ်သည် ဂျပန်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်မဟုတ်ကြောင်း၊ တရုတ်စစ်ဘက်အနေဖြင့် ပင်လယ်ပြင်တွင်စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တရုတ်လေတပ်သည် မြေပြင်တစ်ခုတည်းအတွက်သာ ကာကွယ်မှုမလုပ်ဆောင်နိုင်ကြောင်းနှင့် ယင်းသို့ပင်လယ်ပြင်စစ်ရေးလေ့ကျင့်မှုကို လျှော့ချသွားမည်မဟုတ်ကြောင်း တရုတ်ပြည်သူ့တပ်မတော်လေတပ်ဦးစီးချုပ် မားရှောင်ထင်းက ချောင်ချွင်မြို့၌ပြုလုပ်သည့် စစ်ရေးအခမ်းအနားတစ်ခုတွင်ပြောသည်။ သို့သော် ဂျပန်ပင်လယ်အတွင်း စစ်ရေးလုပ်ဆောင်မှုသည် ဂျပန်နိုင်ငံကထုတ်ပြန်သကဲ့သို့ များပြားမှုမရှိကြောင်းနှင့်၎င်းတို့က ချဲ့ကားပြောဆိုနေခြင်းသာဖြစ်ကြောင်း မားက ပြောသည်။

တရုတ်နိုင်ငံသည် အရှေ့တရုတ်ပင်လယ်အတွင်းနှင့်အနောက်ပစိဖိတ်ဒေသတို့ကို စစ်ရေးအရလွှမ်းမိုးနိုင်ရန်လုပ်ဆောင်မှုတစ်စိတ်တစ်ပိုင်းအဖြစ် ဂျပန်နိုင်ငံ၏ဝေဟင်ပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လေ့ရှိသည့်အတွက်စိတ်ပူကြောင်း ဂျပန်စစ်ဘက်ကပြောသည်။

***Ref: Reuters***

www.facebook.com/themyawadydaily



# အရှေ့တောင်အာရှသို့ ခြိမ်းခြောက်လာသည့် အကြမ်းဖက်ဝါဒတိုက်ဖျက်နိုင်ရေးအတွက် အမြန်ဆုံးအပြီးသတ်ဆင်နွှဲရန်လိုအပ်လာသည့် မာရာဝီမြို့သိမ်းထိုးစစ်

ဖိလစ်ပိုင်တောင်ပိုင်းရှိ စစ်သွေးကြွများ သိမ်းပိုက်ထားဆဲဖြစ်သည့် မာရာဝီမြို့ကိုအစိုးရတပ်များက အပြီးသတ်ပြန်လည်သိမ်းပိုက်နိုင်ရန် အချိန်အားဖြင့် တစ်လ သို့မဟုတ် နှစ်လခန့်အချိန်ယူ၍ တိုက်ခိုက်ရမည်ဖြစ်သည်ဟု ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဒယ်လ်ဖင်လော်ရန်ဇာနာက ယမန်နေ့က ပြောကြားခြင်းကြောင့် စစ်သွေးကြွများ၏စီးနင်းတိုက်ခိုက်ခြင်းကိုခံခဲ့ရသည့်မြို့အား ပြန်လည်လွတ်မြောက်စေရေးလုပ်ဆောင်ချက်မှာ မျှော်မှန်းထားသလောက် မြန်ဆန်မည့်အလားအလာမရှိပေ။ လော်ရန်ဇာနာ၏ပြောကြားချက်သည် မာရာဝီမြို့ကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် အစိုးရတပ်ဖွဲ့က နောက်ဆုံးအကြိမ်ထိုးစစ်ဆင်နွှဲလျက်ရှိသည်ဟု ပြောကြားချက် မတိုင်မီထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

စစ်သွေးကြွများကို ပြန်လည်တိုက်ထုတ်ရေးအတွက် လုပ်ဆောင်နေသည့်စစ်ဆင်ရေးအတွင်း အစိုးရတပ်များရင်ဆိုင်နေရသည့်အခက်အခဲများနှင့် အခြေအနေများအပေါ် လော်ရန်ဇာနာက ပွင့်ပွင့်လင်းလင်းအကဲဖြတ်ထောက်ပြထားသည်။ အစိုးရတပ်များသည် မြေပြင်ထိုးစစ်ဆင်မှုများနှင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်၍ စစ်သွေးကြွများ၏အင်အားအများအပြားကိုလျှော့ချထားနိုင်ခဲ့သည်။

အစိုးရတပ်များ၏တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည့် စစ်သွေးကြွများအနက်အများအပြားမှာ ပြည်ပနိုင်ငံသားများဖြစ်ပြီး တချို့မှာမြို့တွင်းစစ်ဆင်ရေးအထူးကျွမ်းကျင်သူများဖြစ်သည်။ သို့ရာတွင် အစိုးရတပ်များကို လက်ရှိအခက်အခဲတွေ့စေသည့်အရာမှာ စစ်သွေးကြွအဖွဲ့မှ လက်ဖြောင့်သေနတ်သမားများပင်ဖြစ်သည်။ စစ်သွေးကြွလက်ဖြောင့်သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အစိုးရတပ်မှ စစ်သည်အတော်များများကျဆုံးခဲ့ရပြီး ၎င်းတို့၏ ပစ်ခတ်တိုက်ခိုက်မှုသည် အစိုးရတပ်များ ရှေ့တိုးနိုင်ရေးကိုပါ နှောင့်နှေးစေခဲ့သည်ကို တွေ့ရသည်။

ထို့ပြင် စစ်သွေးကြွများ၏တိုက်ခိုက်မှုအတွင်း အစိုးရတပ်မှ နံပါတ်(၁) ထောက်လှမ်းရေးအရာရှိ သေဆုံးခဲ့ခြင်းကြောင့် အစိုးရတပ်များသည် ယခုအခါ ထောက်လှမ်းရေး သတင်းစုဆောင်းရေးအတွက် အခက်အခဲဖြစ်လျက်ရှိသည်။



IS စစ်သွေးကြွများနှင့် ဆက်နွယ်နေသည့် မော့စစ်သွေးကြွအဖွဲ့သည် မာရာဝီမြို့ကို မေ ၂၃ ရက်တွင် ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အစိုးရက အဆိုပါစစ်သွေးကြွများအား ရက်သတ္တပတ်အတွင်း မြို့တွင်းမှပြန်လည်တိုက်ထုတ်နိုင်မည်ဟု ယူဆခဲ့ကြသည်။ အစိုးရသည် မင်ဒါနာအိုပြည်နယ်တစ်ခုလုံး၌ စစ်အုပ်ချုပ်ရေးအမိန့်ကိုချမှတ်ခဲ့ပြီး စစ်သွေးကြွများအား တိုက်ခိုက်ရန် တပ်ဖွဲ့ဝင် ၃၀၀၀ ခန့်ကို ဖြန့်ကြက်ခဲ့သည်။ အလားတူ မြို့အတွင်းရှိ အဆောက်အအုံများ၌ နေရာယူခုခံနေသည့်စစ်သွေးကြွများအပေါ် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်လျက်ရှိသည်။

ထို့ပြင် အစိုးရတပ်များထိုးစစ်ဆင်ရာတွင် အထောက်အကူပြုစေရန် အမေရိကန်ပြည်ထောင်စုမှ P-3 Orion အမျိုးအစား ကင်းထောက်လေယာဉ်က လေကြောင်းမှ တစ်ဆင့် ထောက်လှမ်းပေးသည့်အပြင် ဖိလစ်ပိုင်တပ်များ၏ မြေပြင်ထိုးစစ်ဆင်မှုတွင်လည်း အမေရိကန်အထူးတပ်ဖွဲ့ဝင်များက လမ်းညွှန်မှုများပေးခဲ့သည်။

သို့ရာတွင် မာရာဝီစစ်ပွဲသည် ယခုအခါ သုံးလအတွင်းသို့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်သည်။ အစိုးရတပ်များသည် မြို့၏တချို့အစိတ်အပိုင်းများကို စစ်သွေးကြွများလက်မှ ပြန်လည်သိမ်းယူနိုင်ခဲ့သော်လည်း ကျန်ရှိနေသေးသည့် မြို့အစိတ်အပိုင်းအားလုံးကို သိမ်းယူရန် အခက်တွေ့နေဆဲဖြစ်သည်။ ယင်း၏အကြောင်းရင်းကို ဆန်းစစ်ကြည့်မည်ဆိုပါက ဖိလစ်ပိုင်အစိုးရတပ်မှ စစ်သည်များသည် ယခင်က အစိုးရကိုတိုက်ခိုက်နေသည့် သူပုန်များအား တောတွင်း၌သာ ရင်ဆိုင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး မြို့တွင်းတိုက်ပွဲများတွင် အတွေ့အကြုံမရှိသည်ကိုတွေ့နိုင်သည်။ ပိုဆိုးသည့်အချက်မှာ နေရာကောင်းယူထားသည့် စစ်သွေးကြွအဖွဲ့မှလက်ဖြောင့်သေနတ်သမားများက ပစ်မှတ်ကိုကောင်းစွာ ရွေးချယ်နိုင်ခွင့်ရှိနေခြင်းဖြစ်သည်။

စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ယခုအချိန်ထိ သေဆုံးခဲ့သည့်စစ်သည် ဦးရေမှာ ၁၂၂ ဦးရှိပြီဟု အစိုးရတပ်ဖွဲ့က ဆိုသည်။ မာရာဝီမြို့အတွင်း လက်ရှိ ခုခံတိုက်ခိုက်နေသည့် စစ်သွေးကြွအများစုသည် ဒေသခံများဖြစ်သောကြောင့် နယ်မြေအထူးကျွမ်းကျင်သည်ဟု သုံးသပ်သူများကပြောသည်။

စစ်သွေးကြွများအနက် တချို့မှာ အရှေ့အလယ်ပိုင်းတွင် မြို့တွင်းစစ်ဆင်ရေးသင်တန်းများကို နှစ်နှစ်ကြာလေ့ကျင့်သင်ယူထားသူများဖြစ်သည်ဟုဆိုသည်။ သို့သော် အဆိုပါပြောဆိုချက်များကို အတည်ပြုနိုင်ခြင်းမရှိပေ။

ယခုအခါ ဆီးရီးယားရှိ IS စစ်သွေးကြွအဖွဲ့သည် ၎င်းတို့အပေါ် ထောက်ခံသူများအား ဖိလစ်ပိုင်သို့သွားရောက်၍ မော့စစ်သွေးကြွများဘက်မှစစ်ကူပေးကြရန် တောင်းဆိုလျက်ရှိသည်။ ထို့ပြင် အတည်ပြုရန်လိုအပ်နေသည့် သတင်းများအရ မော့စစ်သွေးကြွအဖွဲ့သည် မာရာဝီမြို့ကို စီးနင်းတိုက်ခိုက်ရာတွင် ဆီးရီးယားရှိ စစ်သွေးကြွအဖွဲ့၏ထောက်ပံ့ပေးမှုကိုရယူ၍ လုပ်ဆောင်ခဲ့သည့်အပြင် အဆိုပါစစ်သွေးကြွအဖွဲ့၏ တိုက်ရိုက်အမိန့်ကို နာခံလျက်ရှိသည်ဟု ဆိုသည်။

မော့စစ်သွေးကြွအဖွဲ့တွင် ပါဝင်တိုက်ခိုက်နေသူတချို့မှာ အိမ်နီးချင်း အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှဖြစ်ပြီး ချေချင်းညာဒေသမှဝင်ရောက်လာသည့် စစ်သွေးကြွများလည်းပါဝင်နေသည်။ အဆိုပါစစ်သွေးကြွများကို မာရာဝီမြို့အတွင်းမှ အပြီးတိုက်ထုတ်ရန် ကြန့်ကြာနေခြင်းသည် အရှေ့အလယ်ပိုင်းရှိ စစ်သွေးကြွများအတွက် ဝါဒဖြန့်ချိရေးဆိုင်ရာအောင်မြင်မှုတစ်ရပ်အဖြစ် ထွက်ပေါ်လာသည်ဟုဆိုနိုင်သည်။

ဆီးရီးယားနှင့်အီရတ်နိုင်ငံတို့၌ စစ်ရေးအရ အထိနာလာသည့် IS စစ်သွေးကြွများသည် ၎င်းတို့အတွက်သင့်လျော်သည့် စားကျက်မြေအသစ်ကို အာရှ၌ရှာဖွေ၍ ခြေကုပ်ယူရန်ကြိုးပမ်းလာခဲ့သည်။ စစ်သွေးကြွအဖွဲ့သည် ပြီးခဲ့သည့်နှစ်ကလည်း ဖိလစ်ပိုင်ရှိ အဘူဆေယက်ဖ်စစ်သွေးကြွအဖွဲ့မှ ခေါင်းဆောင်ကို အရှေ့တောင်အာရှ၏ စော်ဘွားအဖြစ် ခန့်အပ်ခဲ့သည်။

ယင်းသို့ခန့်အပ်လိုက်ခြင်းမှာ IS စစ်သွေးကြွခေါင်းဆောင်ပိုင်းက ဖိလစ်ပိုင်အခြေစိုက် အဘူဆေယက်ဖ်စစ်သွေးကြွအဖွဲ့၏ထောက်ခံမှုကို အခိုင်အမာရရှိစေရန်လုပ်ဆောင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုပါက ဖိလစ်ပိုင်အတွင်း လှုပ်ရှားနေသည့် အဘူဆေယက်ဖ်အဖွဲ့အပေါ် ပိုမိုလွှမ်းမိုးနိုင်ရန်နှင့် မွတ်စလင်ဘာသာဝင်အများစုရှိရာဒေသများ၌ ခြေကုပ်ယူရန် အစပျိုးခဲ့ခြင်းသာဖြစ်သည်။ IS စစ်သွေးကြွအဖွဲ့သည် ယခုလည်း မာရာဝီမြို့၌ဖြစ်ပေါ်နေသည့်အခြေအနေအားလုံးကို စောင့်ကြည့်လျက်ရှိပြီး နောက်ထပ်ဘာဆက်လုပ်ရမည်ကိုတွေးတောနေဖွယ်ရှိသည်။

မာရာဝီမြို့ကို မော့စစ်သွေးကြွအဖွဲ့က ဝင်ရောက်စီးနင်းခဲ့ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအတွက် အထူးသတိပြုစရာဖြစ်ရပ်တစ်ခုအဖြစ် ထွက်ပေါ်လာခဲ့သည်။ IS စစ်သွေးကြွများသည် တည်ငြိမ်မှုပျက်ပြားနေသည့်နိုင်ငံ၊ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသည့်နိုင်ငံနှင့် အစွန်းရောက်အများအပြားတည်ရှိရာ နယ်မြေများအတွင်းသို့ ဝင်ရောက်နိုင်ရေးအတွက် အခွင့်ကောင်းကိုစောင့်ဆိုင်းလျက်ရှိသည်။ အခွင့်အရေးရလာသည်နှင့် တစ်ပြိုင်နက် အဆိုပါနိုင်ငံများနှင့် နယ်မြေဒေသများအတွင်းသို့ ဝင်ရောက်ခြေကုပ်ယူမည်ဖြစ်သောကြောင့် ဖိလစ်ပိုင်အစိုးရတပ်များအနေဖြင့် အရှေ့တောင်အာရှဒေသသို့ ခြိမ်းခြောက်လာသည့် အကြမ်းဖက်ဝါဒတိုက်ဖျက်နိုင်ရေး မာရာဝီမြို့အတွင်းရှိ စစ်သွေးကြွများအား အမြန်ဆုံးချေမှုန်းပစ်ရန် လိုအပ်လျက်ရှိသည်။ ။

**Ref: NBC**

**ဓေယျဘုန်း**

## အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံကို ကန့်သတ်ကုန်စည်အဖြစ် သတ်မှတ်ခြင်းတွင် မြန်မာနိုင်ငံမှ ပဲစင်းငုံများပါဝင်ခြင်း ရှိ မရှိ မေးမြန်းပေးရန်တင်ပြတောင်းဆို

ရန်ကုန် ဩဂုတ် ၁၁

အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံကို ကန့်သတ်ကုန်စည်အဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သတင်းတစ်ရပ်ထွက်ပေါ်လာပြီးနောက် မြန်မာနိုင်ငံမှ ပဲစင်းငုံဈေးကွက်ရပ်ဆိုင်းသွားသည့်အတွက် ယင်းသတ်မှတ်ချက်တွင် မြန်မာနိုင်ငံမှ ပဲစင်းငုံများပါဝင်ခြင်း ရှိ၊ မရှိ မေးမြန်းပေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြတောင်းဆိုထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးထံမှ သိရသည်။

ဩဂုတ် ၅ ရက်က အိန္ဒိယနိုင်ငံ၏သတင်းမီဒီယာတစ်ခုက ပဲစင်းငုံကိုကန့်သတ်ကုန်စည်အဖြစ် သတ်မှတ်လိုက်ကြောင်း ဖော်ပြပါရှိချက်အရ တင်သွင်းမှုကို တစ်နှစ်လျှင် တန်ချိန်နှစ်သိန်းအဖြစ် သတ်မှတ်ထားသည်ဟု ပြည်ပကုန်သွယ်ရေးညွှန်ကြားရေးမှူးချုပ်က အမိန့်ကြေညာစာတွင် ဖော်ပြထားပြီး ယင်းကန့်သတ်ချက်တွင် အစိုးရအချင်းချင်းတင်သွင်းရန် ကတိပြုထားသည့် ပမာဏပေါ် သက်ရောက်မှုမရှိသော်လည်း သွင်းကုန်မူဝါဒကို လွတ်လပ်စွာတင်သွင်းခြင်းမှ ကန့်သတ်ကုန်စည်အဖြစ် ပြန်လည်သုံးသပ်လိုက်သည်ဟု ပါရှိသည့်အတွက် တောင်သူနှင့်ကုန်သည်များက စိုးရိမ်နေခြင်းဖြစ်သည်။

"အစိုးရက တရားဝင်ဘယ်လိုလုပ်မယ်လို့တော့ တိတိကျကျမထုတ်ပြန်သေးဘူး။ အဲဒီအချိန်မှာ သူတို့မီဒီယာကနေ စာတစ်ခုထွက်တယ်။ အိန္ဒိယကနေ ပဲစင်းငုံကို ဘတ်ဂျက်နှစ် တစ်နှစ်ထဲမှာ တန်ချိန်နှစ်သိန်းပဲ သူတို့ထုတ်ခွင့်ပြုမယ်။ အဲဒီတော့ သူတို့ MoU လက်မှတ်ရေးထိုးထားတဲ့နိုင်ငံကတော့ အစိုးရရဲ့သဘောအတိုင်းပေါ့။ ကျန်တဲ့နိုင်ငံတွေအားလုံးက ပဲစင်းငုံတန်ချိန်နှစ်သိန်းပဲသွင်းခွင့်ပြုမယ်ဆိုတော့ မြန်မာနိုင်ငံက ပုံမှန်ပဲစင်းငုံတန်ချိန် နှစ်သိန်းခွဲလောက်ထွက်တယ်။ လက်ရှိမှာ ညှိနှိုင်းမှုတွေလုပ်နေတယ်။ စာတင်တဲ့အဆင့်ပဲရှိပါသေးတယ်။ မြန်မာနိုင်ငံက ပဲစင်းငုံကိုရော ဒီလိုပဲကန့်သတ်ထားတာလား ဒါမှမဟုတ် ဒီနှစ်ထဲမှာ စမှာလားဆိုတာကိုပါ"ဟု ဦးမင်းကိုဦးက ပြောသည်။

**နေနေ**

## အချက်အပြုတ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပညာရပ်များကိုပါသင်ကြားပေးနိုင်မည့် ဘတ်စ်ကားကို ဆမ်ဆောင်းမြန်မာမှ လှူဒါန်း



ရန်ကုန် ဩဂုတ် ၁၁

အချက်အပြုတ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာပညာရပ်များကိုပါသင်ကြားပေးနိုင်မည့် ဆမ်ဆောင်း၏တတိယမြောက် ဘတ်စ်ကားကို ဆမ်ဆောင်းမြန်မာနှင့် Myanmar Mobile Education Project(myME)တို့၏ သုံးနှစ်မြောက် လက်တွဲမှုအထိမ်းအမှတ်အဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုလှူဒါန်းသည့် ဘတ်စ်ကားသည် ယခင်ကလှူဒါန်းခဲ့သောယာဉ်များနှင့်မတူဘဲ သင်ရိုးညွှန်းတမ်းအသစ်များရေးဆွဲထားပြီး ကျောင်းပြင်ပသင်ခန်းစာသာမက အချက်အပြုတ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာများကိုပါ သင်ကြားနိုင်ရန် မီးဖိုချောင်အသေးစားကို ထည့်သွင်းပြုလုပ်ပေးထားသည်။

"ဒီဘတ်စ်ကားပေါ်မှာ သင်ကြားဖို့အတွက် အရင်တုန်းကနဲ့မတူတဲ့ သင်ရိုးညွှန်းတမ်းတွေထပ်ဖြည့်ဆွဲထားပါတယ်။ ကျောင်းပြင်ပသင်ခန်းစာအပြင် အချက်အပြုတ်ကျွမ်းကျင်မှုဆိုင်ရာပညာရပ်တွေ သင်ကြားလို့ရအောင် မီးဖိုချောင်အသေးစားလေးကိုလည်း ထည့်သွင်းပြုလုပ်ထားပါတယ်" ဟု myME ၏ စီမံကိန်းဒါရိုက်တာ ဦးတင်မောင်မောင်အေးကပြောသည်။

အဆိုပါရွေ့လျားစာသင်ခန်းဘတ်စ်ကားကို ရန်ကုန်မြို့တွင်းရှိ ဆင်ခြေဖုံးမြို့နယ်များဖြစ်သော လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံ(အရှေ့ပိုင်း)၊ ဒဂုံ(ဆိပ်ကမ်း) အစရှိသော မြို့နယ်များသို့ သွားရောက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**H.O**

www.facebook.com/themyawadydaily



# တပ်မတော်စစ်သမိုင်းပြတိုက်သို့ မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာနိုင်ပါသည်



☆ တပ်မတော်စစ်သမိုင်းပြတိုက်ကို အမျိုးသားရေးယုံကြည်ချက်နှင့်ခံယူချက်ပြည့်ဝသည့် မြန်မာ့တပ်မတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်လုံးတွင် ရှေ့ဆုံးမှဦးဆောင်၍ ရဲဝံ့ပြောင်မြောက်စွာစွန့်စားတိုက်ပွဲဝင်ခဲ့မှု၊ လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို စွန့်လွှတ်ပေးဆပ်မှုများဖြင့် ထိန်းသိမ်းကာကွယ်ခဲ့မှု၊ အမျိုးသားရေးကိုအစဉ်ဦးထိပ်ထား၍ နိုင်ငံတော်တွင်အခက်အခဲနှင့်ဘေးအန္တရာယ်များကြုံတွေ့ချိန်တိုင်း အသက်ကိုပဓာနမထားဘဲ ရှေ့တန်းမှမားမားမတ်မတ်ရပ်တည်ဆောင်ရွက်ခဲ့မှု၊ ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးတို့ကို အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့မှု စသည့်သမိုင်းဝင်မှတ်တမ်းများကို ရဟန်းရှင်လူပြည်သူအပေါင်းက တွေ့မြင်သိရှိလေ့လာနိုင်ရန်နှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ထက်သန်စွာ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်လိုသည့်စိတ်ဓာတ်များပေါ်ပေါက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

☆ တပ်မတော်စစ်သမိုင်းပြတိုက်သည် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်း ၂၅၉ မိုင်၊ ၃ ဖာလုံအနီးတွင်တည်ရှိပြီး တပ်မတော်(ကြည်း)ပြကွက် အဆောင် ၆ ဆောင်၊ တပ်မတော်(ရေ)ပြကွက် အဆောင် ၃ ဆောင်နှင့် တပ်မတော်(လေ)ပြကွက် အဆောင် ၃ ဆောင်တို့အပြင် ပြင်ပပြကွက် ၃ ခုတို့ဖြင့် အဆင့်မြင့်စွာဖွဲ့စည်းတည်ဆောက်ထားပါသည်။

☆ တပ်မတော်စစ်သမိုင်းပြတိုက်သို့ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်အနေဖြင့်သော်လည်းကောင်း **မည်သူမဆို အခမဲ့** ဝင်ရောက်လေ့လာနိုင်ပါသည်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို အပတ်စဉ် တနင်္လာနေ့တိုင်းနှင့်နေ့ထူးနေ့မြတ်ရုံးပိတ်ရက်များမှအပ နေ့စဉ်(အင်္ဂါနေ့မှ တနင်္ဂနွေနေ့ထိ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တပ်မတော်စစ်သမိုင်းပြတိုက်**

MYANMA ECONOMIC HOLDINGS LIMITED
MYAWADDY TRAVELS & TOURS CO., LTD.




MYAWADDY TRAVELS & TOURS

Tel : 95-1-241010, 252869
Fax : 95-1-252869
E-mail : myawaddytour@gmail.com
Website: Http://www.myawaddytour.com
Office : Room No.(44,45/A,45/B), 2nd Floor, No.(693/701)
Classic Strand Condominium, Corner of Kone Zay Tan
Street & Kan Nar Road, Pabedan Township, Yangon.

AIRPORT PASSENGER SERVICES
(YANGON INTERNATIONAL AIRPORT)

Tel : 95-9-8612204
: 95-9-73050540
: 95-9-73050541
Fax : 95-1-252869

# မက်ဆီအား စာချုပ်ဖျက်တန်ကြေး ပေါင် ၂၇၃ သန်း ပေးခေါ်နိုင်လိမ့်မည်ဟု ကလော့ဆို ကော်တင်ဟိုအတွက် တန်ကြေးသတ်မှတ်မည်မဟုတ်ဟု ငြင်းဆိုသွား

လီဗာပူး ဩဂုတ် ၁၁

လီဗာပူးနည်းပြ ဂျာဂန်ကလော့က မိမိအသင်းမှ ဘရာဇီးကွင်းလယ် တိုက်စစ်ကစားသမား ကော်တင်ဟိုကို ပေါင်သန်း ၉၀ ဖြင့် တတိယအကြိမ်မြောက် ကမ်းလှမ်းလာသော ဘာစီလိုနာအသင်းအား တုံ့ပြန်သတိပေးသည့်အနေဖြင့် ဘာစီလိုနာမှ မက်ဆီအတွက်သတ်မှတ်ထားသော စာချုပ်ဖျက်တန်ကြေး ပေါင် ၂၇၃ သန်းကိုလည်း တတ်နိုင်သည့်အသင်းများ ယနေ့ရှိနေပြီဟု ပြောသည်။

ဘာစီလိုနာအသင်းမှ စာချုပ်ဖျက်တန်ကြေး ပေါင် ၁၉၈ သန်းသတ်မှတ်ထားသည့် ဘရာဇီးတိုက်စစ်မှူး နေမာအား ပီအက်စ်ဂျီအသင်းက ခေါ်ယူသွားခြင်းကို သာဓကအနေဖြင့်ထားပြီး ယနေ့ဘောလုံးဈေးကွက်တွင် မက်ဆီအတွက် သတ်မှတ်ထားသော ပေါင် ၂၇၃ သန်းကို ယခုဈေးကွက် မပိတ်မီ ပေးခေါ်နိုင်သည့်အသင်းကြီးများရှိနေသည်ဟု ကလော့ကပြောခြင်းဖြစ်သည်။

"ဘာစီလိုနာက စာချုပ်ဖျက်တန်ကြေး ပေါင် ၂၇၃ သန်းပေးရင် မက်ဆီစာချုပ်ကိုဖျက်ပေးရမယ်ဆိုတဲ့ သဘောတူချက်ရှိထားလို့ မက်ဆီကလည်း ဈေးကွက်ပေါ်က ကစားသမားအဖြစ်ရှိနေပါတယ်။ ဒီတစ်လအတွင်းမှာပဲ ဒီဈေးမျိုးပေးပြီး ထိပ်တန်းအသင်းကြီးတစ်သင်းက ခေါ်သွားတာမျိုးလည်းဖြစ်နိုင်ပါတယ်။ ဘာစီလိုနာက မဖြစ်နိုင်ဘူးလို့ထင်ခဲ့တဲ့ နေမာအတွက် သတ်မှတ်တဲ့တန်ကြေးကိုပေးတဲ့ အသင်းကပေးသွားပြီးပါပြီ။ နည်းပြတစ်ယောက်အတွက် ဒီလောက်များတဲ့ငွေနဲ့ ကစားသမားတစ်ယောက်ကို ကမ်းလှမ်းမယ်လို့ လုပ်ခွင့်မရှိပေမယ့် အသင်းကြီးတွေမှာ ဒီလိုငွေသုံးဖို့ ဆုံးဖြတ်နိုင်သလို တကယ်လည်းပေးနိုင်တဲ့ သူတွေကရှိနေပါတယ်။ ပြီးတော့ ကော်တင်ဟိုကိုတည်ပြီး ကျွန်တော်တို့အသင်းအနာဂတ်ကို တည်ဆောက်မှာဖြစ်လို့ သူ့အတွက်တန်ကြေးကို မဖြတ်ပါဘူး။ သူ လီဗာပူးမှာ သေချာပေါက်ဆက်ရှိမှာပါ။ သူ့ကို ရောင်းသင့်ချိန်မဟုတ်သေးတာသေချာတယ်" ဟုပြောသည်။

***Ref:Dailymail***



## ချစ်သူကို ဒါရိုက်တာများခုံတန်းတွင် ထိုင်ခွင့်မပေးသောကြောင့် ဘန်လေမှ အန်ဒရေးဂရေး ပြောင်းရွှေ့ခြင်းဖြစ်ဟု သတင်းထွက်ပေါ်



ဘန်လေ ဩဂုတ် ၁၁

ဝက်ဖို့ဒ်အသင်းသည် ဘန်လေအသင်းမှ တိုက်စစ်မှူး အန်ဒရေးဂရေးကို အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၈ ဒသမ ၅ သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ခဲ့သည်။ အဆိုပါစာချုပ်သည့်ရက်တွင် ဘန်လေအသင်း၏ နည်းပြ ရှောင်ဒိုင်ချီက အန်ဒရေးဂရေး၏ချစ်သူ အဆိုတော်မလိတ်ချ်အန်နီပင်နော့ကို အသင်းဒါရိုက်တာခုံတန်းတွင် ထိုင်ခွင့်ပိတ်ပင်ခဲ့သည်ဆိုသော သတင်းထွက်ပေါ်ခဲ့သည့်ရက်နှင့်တိုက်ဆိုင်နေ၍ ဂရေးသည် ချစ်သူကြောင့် အသင်းပြောင်းခဲ့ခြင်းဖြစ်မည်ဟု သတင်းများထွက်ပေါ်လာသည်။

အသက် ၂၆ နှစ်ရှိပြီဖြစ်သော အန်ဒရေးဂရေးသည် ဘန်လေအသင်း၌ နှစ်ရာသီကစားရာတွင် ၃၃ ဂိုးသွင်းပေးနိုင်ခဲ့ကာ ယခုအသင်းပြောင်းခြင်းကို နှစ်သင်းဘက်မှ မကြေညာမီကတည်းက လူမှုကွန်ရက်တွင် ကိုယ်တိုင် ဝက်ဖို့ဒ်ကစားသမားသစ်ဖြစ်လာ၍ ပျော်ရွှင်ရကြောင်း ရေးသားဖော်ပြခဲ့သူလည်းဖြစ်သည်။

***Ref:BBC***

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



## ဒေသတွင်းမူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှုတို့ကိုဖြေရှင်းရေး အာဆီယံနိုင်ငံများ စည်းလုံးညီညွတ်စွာဆောင်ရွက်ကြရန် အင်ဒိုနီးရှားသမ္မတတိုက်တွန်း

ဂျကာတာ ဩဂုတ် ၁၁

အာဆီယံနိုင်ငံများတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ အကြမ်းဖက်မှုတို့နှင့်ပတ်သက်၍ ခြိမ်းခြောက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက သတိပေးထားပြီး အဆိုပါခြိမ်းခြောက်မှုကို ရင်ဆိုင်ဖြေရှင်းရန်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး စည်းလုံးညီညွတ်စွာဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

နယ်စပ်ဖြတ်ကျော်၍ မူးယစ်ဆေးဝါးမှောင်ခိုကူးမှုတိုက်ဖျက်ရေးအတွက် ဒေသတွင်းနိုင်ငံများအနေဖြင့် စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ရန်အရေးကြီးကြောင်း သမ္မတဝီဒိုဒိုက အာဆီယံနှစ် ၅၀ ပြည့်အထိမ်းအမှတ်အခမ်းအနားတွင်ပြောသည်။

မူးယစ်ဆေးဝါးကိုတိုက်ဖျက်ရန် စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲရမည်ဖြစ်ကြောင်း၊ လူငယ်များမူးယစ်ဆေးသုံး၍ အနာဂတ်မဲ့ကာ အသက်ဆုံးရှုံးရမည်ကို အလိုမရှိကြောင်းနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရန်အတွက် ဒေသတွင်းနိုင်ငံများ ပေါင်းစည်းဆောင်ရွက်ခြင်းထက် ပိုကောင်းသည့်အရာမရှိကြောင်း ဝီဒိုဒိုကပြောသည်။

အင်ဒိုနီးရှားအစိုးရသည် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများကို သေဒဏ်အပါအဝင် ပြင်းထန်သောပြစ်ဒဏ်များကို ပေးလေ့ရှိသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းပြည်ပမှ မူးယစ်ဆေးဝါးရောင်းချသူ ဒါဇင်ပေါင်းများစွာသည် ကွပ်မျက်ခံရပြီး အစိုးရ၏ပြစ်ဒဏ်နှင့်ပတ်သက်၍ လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့အစည်းများက ဝေဖန်ပြောဆိုထားကာ ပြည်ပမှ မူးယစ်ဆေးဝါးရောင်းချသူများ၏ မိခင်နိုင်ငံများနှင့် သံတမန်ရေးရာ အငြင်းပွားမှုများ ဖြစ်ပွားသည်။

ထို့ပြင် ဒေသတွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ ခြိမ်းခြောက်မှုများမြင့်တက်လျက်ရှိကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ မာရာဝီမြို့ကို အကြမ်းဖက်သမားများက တိုက်ခိုက်သိမ်းပိုက်ခြင်းသည် ဒေသတွင်းနိုင်ငံများ၏ လုံခြုံရေးကို တပ်လှန့်သကဲ့သို့ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများအနေဖြင့် အကြမ်းဖက်ဝါဒကို အတူတကွတိုက်ဖျက်ရမည်ဖြစ်ကြောင်း ဝီဒိုဒိုက ထောက်ပြပြောဆိုသည်။

အာဆီယံအဖွဲ့ကို အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်ဖွဲ့စည်းပြီး နောက်ပိုင်းတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့က အဖွဲ့ဝင်အဖြစ် ပါဝင်လာကြောင်း သိရသည်။

***Ref: Xinhua***

## ၂၀၁၆ ခုနှစ်နှင့်နှိုင်းယှဉ်ပါက စပိန်သို့ ဒုက္ခသည်ဝင်ရောက်မှုသုံးဆမြင့်တက်လာ



မက်ဒရစ် ဩဂုတ် ၁၁

စပိန်နိုင်ငံ၌ ယခုနှစ်အတွင်းရောက်ရှိလာသော ဒုက္ခသည်အရေအတွက်သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်နှင့်နှိုင်းယှဉ်ပါက သုံးဆမြင့်တက်လာကြောင်း နိုင်ငံတကာရွှေ့ပြောင်းဒုက္ခသည်များဆိုင်ရာအဖွဲ့အစည်း(IOM)က ပြောသည်။

စပိန်နိုင်ငံသို့ ပင်လယ်ရေကြောင်းများမှတစ်ဆင့်ရောက်ရှိသော ဒုက္ခသည်အရေအတွက်သည် ၈၃၈၅ ဦးရှိပြီး ဒုက္ခသည် ၁၇၁၃ ဦးသာရှိသော ဂရိနိုင်ငံကို ကျော်လွန်နိုင်ဖွယ်ရှိကြောင်း သိရသည်။ ထို့ပြင် ဒုက္ခသည်များက ဘေးကင်းလုံခြုံသော စပိန်လမ်းကြောင်းကို ရှာဖွေနေသည့်အတွက် ပြောင်းရွှေ့မှုများ ဖြစ်လာနိုင်ကြောင်း သိရသည်။

စပိန်နိုင်ငံ၌ ယခုနှစ်အတွင်း ဒုက္ခသည် ၁၁၈၄၉ ဦးရောက်ရှိပြီး ပြီးခဲ့သည့်တစ်နှစ်လုံးတွင် ၁၃၂၄၆ ဦးသာရှိကြောင်း IOM က ပြောသည်။ မော်ရိုကိုမှတစ်ဆင့် စပိန်သို့ဝင်သည့်လမ်းကြောင်းသည် ဘေးကင်းသောလမ်းကြောင်းအဖြစ် ဒုက္ခသည်များကယူဆထားကြောင်း IOM မှ ပြောရေးဆိုခွင့်ရှိသူ ဂျိုးမေမန်းကပြောသည်။

ထို့ပြင် ယခုနှစ်အတွင်း စပိန်ရှိဒုက္ခသည်အရေအတွက်သည် ဂရိနိုင်ငံကိုကျော်တက်နိုင်ဖွယ်ရှိပြီး အကယ်၍ ယင်းကဲ့သို့ဖြစ်လာပါက ပြောင်းလဲမှုကြီးတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောထားသည်။

***Ref: BBC***

## ချူကလီးယားထိပ်ဖူးများသိုလှောင်ရန် မြေအောက်ခန်းတစ်ခုကို ပါကစ္စတန်တည်ဆောက်ထားဟုဆို

ဝါရှင်တန် ဩဂုတ် ၁၁

ပါကစ္စတန်နိုင်ငံသည် ၎င်းတို့၏ချူကလီးယားထိပ်ဖူးများသိုလှောင်ရန်အတွက် ဘာလိုချီစတန်ပြည်နယ်ရှိ တောင်ထူထပ်သောနေရာ၌ မြေအောက်ခန်းတစ်ခုကိုတည်ဆောက်ထားပြီးဖြစ်သည်ဟု အမေရိကန်စောင့်ကြည့်လေ့လာရေးအဖွဲ့ကြီးက ပြောသည်။

ပါကစ္စတန်နိုင်ငံက တည်ဆောက်လိုက်သည့်မြေအောက်ခန်းသည် ခိုင်ခံ့လုံခြုံမှုရှိပြီး မည်သည့်ရည်ရွယ်ချက်ဖြင့်ဆောက်လုပ်ထားသည်ကို မသိရသေးသော်လည်း ပဲ့ထိန်းဒုံးကျည်နှင့် ချူကလီးယားထိပ်ဖူးများ သိုလှောင်သိမ်းဆည်းထားရန်ဖြစ်သည်ဟု ယူဆရကြောင်း သိပ္ပံနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာလေ့လာမှုအဖွဲ့ကြီးက ဩဂုတ် ၁၀ ရက်ထုတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါအဖွဲ့ကြီးသည် ၎င်းတို့၏ထုတ်ပြန်ချက်ကို ဂြိုဟ်တုမှဖမ်းယူရရှိသည့် အချက်အလက်များနှင့် ထောက်လှမ်းမှုများအပေါ် အခြေခံ၍ ထုတ်ပြန်ထားခြင်းဖြစ်သည်။

၎င်းမြေအောက်ခန်းတွင် ထင်ရှားသည့် ဝင်ပေါက်သုံးခုရှိပြီး ဝင်ပေါက်များမှာ ကြီးမားသောကြောင့် မော်တော်ယာဉ်အကြီးစားများ ထားရှိနိုင်ကြောင်း အစီရင်ခံစာ၏ဖော်ပြချက်အရ သိရသည်။

ထို့ပြင် မြေအောက်ခန်းတည်ဆောက်ထားသည့် ဘာလိုချီစတန်ပြည်နယ်သည် အကြမ်းဖက်အဖွဲ့များလှုပ်ရှားရာဒေသဖြစ်သော်လည်း ပါကစ္စတန်အစိုးရက ဒေသတွင်းအကြမ်းဖက်သမားများထက် အိန္ဒိယအပါအဝင် နိုင်ငံတကာ၏ နယ်စပ်ဒေသများနှင့်ဝေးနိုင်သမျှဝေးသည့် တောင်ထူထပ်ရာဒေသတွင် တည်ဆောက်ရန်ရည်ရွယ်ခဲ့ခြင်း ဖြစ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

***Ref: PTI***

## ဖိလစ်ပိုင်တွင် ပထမဆုံးအကြိမ် ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကြောင့် ကြက်ငှက်အကောင်ရေနှစ်သိန်းကိုသုတ်သင်မည်

မနီလာ ဩဂုတ် ၁၁

ဖိလစ်ပိုင်နိုင်ငံ၌ ပထမဆုံးအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်၊ ငုံးနှင့် ဘဲအကောင်ရေနှစ်သိန်းကို သုတ်သင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး အမ်မန်နျူယယ်ပိုင်နိုးက ဩဂုတ် ၁၁ ရက်တွင် ပြောသည်။

အဆိုပါကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကို ပမ်ပန်းဂါပြည်နယ် ဆန်လူးဝစ်မြို့ရှိ မွေးမြူရေးခြံတစ်ခြံ၌ စတင်တွေ့ရှိခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အနီးရှိမွေးမြူရေးခြံငါးခြံသို့ ကူးစက်ပျံ့နှံ့သွားခြင်းဖြစ်သည်။ ကျန်းမာရေးတာဝန်ရှိသူများက မွေးမြူရေးခြံအလုပ်သမားများကို စစ်ဆေးလျက်ရှိပြီး ယင်းရောဂါပိုးမှာ ယခုအချိန်ထိ လူသို့ကူးစက်ခြင်းမရှိသေးကြောင်း သိရသည်။

ဆန်လူးဝစ်မြို့မှ တစ်ကီလိုမီတာပတ်လည်ကို သီးသန့်ဇုန်ဧရိယာအဖြစ်သတ်မှတ်ထားပြီး ယင်းဧရိယာအတွင်းရှိ ကြက်ငှက်အားလုံးကို သုတ်သင်ကာ မြေမြှုပ်သွားမည်ဖြစ်ကြောင်းနှင့် ခန့်မှန်းခြေအားဖြင့် ကြက်ငှက်အကောင်ရေ နှစ်သိန်းခန့်ရှိကြောင်း ပိုင်နိုးက သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောသည်။

ကနဦးစုံစမ်းမှုများအရ ယင်းသီးသန့်ဇုန်ဧရိယာအတွင်း ကြက်ငှက်အကောင်ရေ လေးသိန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ သို့သော် နောက်ပိုင်းတွင် စစ်ဆေးမှုများပြန်လုပ်လိုက်သည့်အခါ သုတ်သင်ရမည့်ကြက်ငှက်အကောင်ရေ နှစ်သိန်းခန့်သာရှိကြောင်း သိရသည်။

ထို့ပြင် အစောပိုင်းစစ်ဆေးမှုများအရ ယင်းရောဂါပိုးသည် ကူးစက်မြန်ပြင်းထန်သည့် H5N1 ရောဂါပိုးဖြစ်ကြောင်းနှင့် သေချာသောစစ်ဆေးမှုများပြုလုပ်ရန်အတွက် နမူနာများကို ဩစတြေးလျသို့ပို့ဆောင်သွားမည်ဖြစ်ကြောင်း ဒေါက်တာစီလီယာကားလို့ကပြောသည်။

***Ref: Reuters***

## တရုတ်နိုင်ငံ၌ ဘတ်စကားတစ်စီးက လိုဏ်ခေါင်းနံရံတစ်ခုကိုဝင်တိုက်၊ လူ ၃၆ ဦးသေဆုံး

ပေကျင်း ဩဂုတ် ၁၁

တရုတ်နိုင်ငံမြောက်ပိုင်း အမြန်လမ်းမကြီးရှိ ဥမင်လိုဏ်ခေါင်းနံရံတစ်ခုကို ဘတ်စကားတစ်စီးကဝင်တိုက်ရာ အနည်းဆုံး လူ ၃၆ ဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိကြောင်း ဒေသတွင်းသတင်းဌာနက ဩဂုတ် ၁၁ ရက်တွင် ပြောသည်။



အဆိုပါအဝေးပြေးဘတ်စကားသည် နိုင်ငံအနောက်တောင်ပိုင်း ဆီချွမ်ပြည်နယ်ရှိ ချန်ဒူမြို့မှ နိုင်ငံအလယ်ပိုင်း လျိုယန်းမြို့သို့ထွက်ခွာလာစဉ် ဩဂုတ် ၁၀ ရက် ညပိုင်းတွင် ရှန်းဇီးပြည်နယ်ရှိ ကျင်လင်းလိုဏ်ခေါင်းကို ဝင်တိုက်ခြင်းဖြစ်ကြောင်း ဒေသတွင်းတာဝန်ရှိသူများ၏ ပြောဆိုချက်ကိုကိုးကား၍ Xinhua သတင်းဌာနက ထုတ်ပြန်သည်။

ခရီးသည် ၅၁ ဦးဆံ့ ၎င်းဘတ်စကားတွင် လူ ၄၉ ဦးလိုက်ပါလာပြီး ဒဏ်ရာရရှိသူ ၁၃ ဦးကို တာဝန်ရှိသူများက ဆေးရုံသို့ပို့ဆောင်ထားကြောင်း ၎င်းသတင်းဌာနက ဆက်လက်ထုတ်ပြန်ထားသည်။

***Ref: AFP***

## ရုရှားနိုင်ငံမှအခိုးခံရသော ဒုံးကျည်ပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံး

မော်စကို ဩဂုတ် ၁၁

ရုရှားနိုင်ငံမှအခိုးခံရသော ဆိုဗီယက်ခေတ်လေယာဉ်ဖျက်ဒုံးကျည်တစ်စင်းသည် နိုင်ငံအရှေ့ပိုင်းရှိ စွန့်ပစ်ပစ္စည်းများပြန်လည်အသုံးပြုရေးစင်တာ၌ ပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အရှည် ၁၀ မီတာ (၃၅ ပေ)ရှိသော အဆိုပါဒုံးကျည်သည် ချီတာမြို့ရှိ စွန့်ပစ်ပစ္စည်းများပြန်လည်အသုံးပြုရေးစက်ရုံ၌ ပေါက်ကွဲခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများက ဖော်ပြထားသည်။

ယင်းဒုံးကျည်သည် NATO အဖွဲ့ဝင်နိုင်ငံများတွင် SA-5 Gammon ဟုခေါ်သော S-200 Angara အမျိုးအစားဖြစ်ပြီး ၁၉၆၀ ပြည့်လွန်နှစ်မှစ၍ အသုံးပြုခဲ့သော်လည်း ယခုခေတ်တွင်မူ S-300 နှင့် S-400 မြေပြင်မှဝေဟင်ပစ်အမျိုးအစားများကိုသာအသုံးပြုကြောင်း သိရသည်။

သို့သော် ယင်းဒုံးကျည်သည် စွန့်ပစ်ပစ္စည်းပြန်လည်အသုံးပြုရေးစက်ရုံ၌ မည်ကဲ့သို့ရောက်ရှိနေသည်ကို မသိရှိရသေးပေ။ အလေးချိန် ခုနစ်တန်ရှိသော ယင်းဒုံးကျည်ကို အမည်မသိလူများက စစ်အခြေစိုက်စခန်းတစ်ခုမှခိုးယူကာ ယင်းစက်ရုံသို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနက ထုတ်ပြန်ထားသည်။

စက်ရုံအလုပ်သမားများက ယင်းဒုံးကျည်ကို ဖျက်ဆီးရန်ကြိုးပမ်းနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ယူဆရကြောင်းနှင့် အရေးပေါ်တုံ့ပြန်ရေးအမှုထမ်းများသည် နောက်ပိုင်းတွင် ယင်းဒုံးကျည်စနစ်မှမပျက်စီးသေးသောဒုံးကျည်တစ်ခုကိုလည်း တွေ့ရှိခဲ့ကြောင်း သိရသည်။

***Ref: BBC***

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ -၂၂ အသင်း မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၁

မလေးရှားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပွဲစဉ်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် ယနေ့ မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမား ၂၀ ဦး ရွေးချယ်ခဲ့ပြီး နည်းပြချုပ်အဖြစ် ဂတ်ဇီဆီ၊ အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်တို့ လိုက်ပါသွားကြောင်း သိရသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စု(က)၌ အိမ်ရှင်မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ဩဂုတ် ၁၄ ရက်တွင် စင်ကာပူအသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် လေးနိုင်ငံဖိတ်ခေါ်ဖလားပြိုင်ပွဲ၊ အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် ဂျပန်ကလပ် ရပ်စုကန်ဖိုင်းအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၁၀ ပွဲ၌ ငါးပွဲနိုင်၊ ငါးပွဲရှုံး ရလဒ်ရရှိထားသည်။

မြန်မာ ယူ-၂၂ အသင်း အပြီးသတ်ကစားသမားစာရင်းတွင် ဂိုး-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ နောက်တန်း- နန်းဝေမင်း၊ ထိုက်ထိုက်အောင်၊ သီဟထက်အောင်၊ နန္ဒကျော်၊ နိုင်လင်းထွန်း၊ ထလမ်ဟပ်ထန်၊ စည်သူအောင်၊ ဟိန်းသီဟဇော်၊ အလယ်တန်း- ရဲရင့်ထွန်း၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ အောင်သူ၊ မောင်မောင်လွင်၊ ရှိုင်းသူရ၊ မောင်မောင်စိုး၊ ရှေ့တန်း- သန်းပိုင်၊ ရွှေကိုနှင့် အောင်ကောင်းမာန်တို့ပါဝင်ကြောင်း သိရသည်။

တီတီ



# လေးထောင့်ကန် စစ်မှုထမ်းဟောင်းအိမ်ရာတွင် မြေနေရာချထားပေးပြီး လာရောက်နေထိုင်ခြင်းမရှိသည့် မြေကွက်များ၌ နေအိမ်များအမြန်ဆောက်လုပ်ရန် အသိပေးကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်ပျိုး/မွေးမြူရေးအမှတ်(၁)ရပ်ကွက်၊ လေးထောင့်ကန်စစ်မှုထမ်းဟောင်းအိမ်ရာအကွက်အမှတ်(၉)တွင် ၁၈-၅-၂၀၁၅ ရက်နေ့၌ မြေနေရာချထားပေးခဲ့ပြီး လာရောက်နေထိုင်ခြင်း၊ ပြင်ဆင်ခြင်းများမရှိသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ သတ်မှတ်စည်းကမ်းချက်များအတိုင်း နေအိမ်များအား (၆)လအတွင်း (၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအပြီး) လာရောက်ဆောက်လုပ်ရန်၊ နေအိမ်ဆောက်လုပ်ခြင်းမရှိက စစ်မှုထမ်းဟောင်းအိမ်ရာကော်မတီသို့ ပြန်လည်အပ်နှံသွားရန်နှင့် ပြင်ပမှ မသက်ဆိုင်သူများအားရောင်းချပါက ပြန်လည်သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)<br>
နေပြည်တော်

# ဖိုးကေနှင့် ရွှေရာမာန်တို့၏ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ လက်မှတ်ဈေးနှုန်းများထုတ်ပြန်

မန္တလေး ဩဂုတ် ၁၁

မန္တလေးမြို့၌ကျင်းပမည့် ဖိုးကေနှင့် ရွှေရာမာန်တို့၏ အထူးစိန်ခေါ်ပွဲပါဝင်သော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအတွက် တွဲဆိုင်းများနှင့် လက်မှတ်ဈေးနှုန်းများကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ယင်းစိန်ခေါ်ပွဲကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး စုစုပေါင်းတွဲဆိုင်း ရှစ်ဆိုင်းပါဝင်မည်ဖြစ်သည်။

မန္တလေးမြို့၌ ကျင်းပမည့် အဆိုပါလက်ဝှေ့ပွဲစဉ်ကို ဩဂုတ် ၁၈ ရက် ည ၆ နာရီတွင် မန္တလာသီရိအားကစားကွင်းအတွင်းရှိ လက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ လက်ဝှေ့ကျော် ဖိုးကေသည် လက်ဝှေ့လောကကို တစ်ကျော့ပြန်လည်ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း မန္တလေးပရိသတ်ရှေ့တွင် ယခုပွဲစဉ်ကို ပထမဆုံးယှဉ်ပြိုင်ခြင်းဖြစ်သကဲ့သို့ ရွှေရာမာန်မှာလည်း မန္တလေးမြို့အခြေစိုက် ၁၈၈၆ ကလပ်၏ အားထားရသော မျိုးဆက်သစ်လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ဖိုးကေနှင့် ရွှေရာမာန်တို့၏ အထူးစိန်ခေါ်ပွဲကို ယင်းပွဲစဉ်၏ နောက်ဆုံးတွဲဆိုင်းအဖြစ်သတ်မှတ်ထားပြီး ငါးချီယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်ဝှေ့စိန်ခေါ်ပွဲတွင် ဖိုးကေနှင့် ရွှေရာမာန်၊ ကျားပေါက်နှင့် အံ့ဘွား၊ ဖိုက်ကေနှင့် ခွန်အာကာ၊ ရန်နိုင်ထွန်းနှင့်သပြေအောင်၊ ဗျူဂွနှင့် မင်းသစ်တို့ တွဲဆိုင်းများပါဝင်ကြောင်း သိရသည်။

လက်မှတ်ဈေးနှုန်းများကို ငွေကျပ် ၂၀၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကိုလည်း ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

တီတီ

# အားကစားတွင် လူမျိုးရေးခွဲခြားမှုမရှိဘဲ စည်းကမ်းပြည့်ဝစွာကစားကြရန် မြန်မာ့လက်ရွေးစင်အသင်းများကို MFF ဥက္ကဋ္ဌ ဦးဇော်ဇော်တိုက်တွန်း

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မလေးရှားနိုင်ငံ၌ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင်အသင်းများနှင့်တွေ့ဆုံခဲ့ပြီး စည်းကမ်းပြည့်ဝစွာကစားကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲကို ယမန်နေ့က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်ယူ- ၂၂ အမျိုးသားအသင်း၊ လက်ရွေးစင်အမျိုးသမီးအသင်း၊ ဖူဆယ်အမျိုးသားနှင့် အမျိုးသမီးအသင်းတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

"ဆီးဂိမ်းမှာ မြန်မာဘောလုံးက အသင်း လေးသင်းပါဝင်ယှဉ်ပြိုင်မှာပါ။ အားကစားအဖွဲ့ထဲမှာ အရေအတွက်အများဆုံးပါ။ ဒါကြောင့်လည်း တစ်နိုင်ငံလုံးက ပရိသတ်တွေ မျှော်လင့်ချက်ထားကြတာပါ။ ရုပ်သံကလည်းပြသနေမှာဖြစ်လို့ ကစားသမားအားလုံး အမြင့်ဆုံးစွမ်းဆောင်ရည်ကိုထုတ်ဖော်ပြီး နိုင်ငံအတွက် ပေးဆပ်ကြပါ။ မလေးရှားနိုင်ငံမှာ ယှဉ်ပြိုင်နေစဉ်အတွင်း စည်းကမ်းပြည့်ဝစွာကစားပါ။ အားကစားစိတ်ဓာတ်အပြည့်နဲ့ ယှဉ်ပြိုင်ကစားကြဖို့လိုပါတယ်။ အားကစားမှာ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးခွဲခြားမှုမရှိပါဘူး။ စည်းကမ်းရှိရှိနဲ့ ယှဉ်ပြိုင်ကြဖို့ မှာကြားချင်ပါတယ်" ဟု ဦးဇော်ဇော်ကပြောသည်။

တီတီ

# ၂၀၁၇ မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲတွင် ချန်ပီယံအသင်းကို ငွေကျပ်သိန်း ၂၀၀ ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၁

၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ယူ-၂၁ လူငယ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး ချန်ပီယံအသင်းကို ငွေကျပ်သိန်း ၂၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဆုရအသင်းကို ဆုဖလားနှင့် ဆုကြေး ငွေကျပ်သိန်း ၂၀၀၊ ဒုတိယဆုရအသင်းကို ဆုကြေး ငွေကျပ်သိန်း ၁၀၀ နှင့် တတိယဆုရအသင်းကို ဆုကြေး ငွေကျပ်သိန်း ၅၀ ချီးမြှင့်မည်ဖြစ်သည်။

လက်ရှိ ၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ယူ-၂၁ ပြိုင်ပွဲသည် နောက်ဆုံးပွဲစဉ်တစ်ပွဲသာ ယှဉ်ပြိုင်ရန် ကျန်ရှိသောကြောင့် ရာသီပိတ်နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

လက်ရှိမြန်မာနေရှင်နယ်လိဂ် ယူ-၂၁ လူငယ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၅) အပြီးတွင် ဧရာဝတီယူနိုက်တက်လူငယ်အသင်းက ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားကာ ချန်ပီယံဖြစ်ရန် အခွင့်အလမ်းများနေပြီး ဒုတိယနေရာတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၇ မှတ်ဖြင့် နောက်ဆုံးပွဲစဉ်အထိ ဖိအားပေးလျက်ရှိသည်။



လိဂ်နောက်ဆုံးပွဲစဉ်များတွင် ဧရာဝတီယူနိုက်တက်အသင်းမှာ ရတနာပုံအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းမှာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နှစ်သင်းစလုံးမှာ ဂိုးကွာခြားချက်တူညီနေပြီး ဧရာဝတီယူနိုက်တက်အသင်းမှာ သရေတစ်မှတ်ရရှိရုံဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနေရှင်နယ်လိဂ် သမိုင်းတစ်လျှောက် လူငယ်ချန်ပီယံသစ်အဖြစ် ဧရာဝတီယူနိုက်တက်အသင်းက ဆုဖလားဆွတ်ခူးနိုင်မည်လား၊ ရှမ်းယူနိုက်တက်အသင်းက လက်ရှိချန်ပီယံဘွဲ့ကို ဆက်ထိန်းနိုင်မည်လား စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

တီတီ

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းတိုးမြင့်လာသည့် အကြမ်းဖက်မှုဖြစ်စဉ်များရပ်တန့်ချုပ်ငြိမ်းရေးနှင့် လုံခြုံတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်ဒေသများတွင် ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**"မောင်တောဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာသတင်းထုတ်ပြန်ချက်"**
၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၁ ရက်)

၁။ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လုံခြုံတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်အသိုင်းအဝိုင်းအကြား ရင်ကြားစေ့ရေးတို့အတွက် ရေတိုရေရှည်အစီအမံများဖြင့် ဖြေရှင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြည်တွင်း၊ ပြည်ပအကူအညီများပေးအပ်နေမှုများအပါအဝင် အခြေခံအဆောက်အဦများ တိုးတက်တည်ဆောက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားများတည်ဆောက်ရေးနှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေးကိုလည်း ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိတွင် ရခိုင်ပြည်နယ်ရှိ မြို့နယ် (၂၀) ရှိသည့်အနက် (၁၃)မြို့နယ်နှင့် ဆက်စပ်ကျေးရွာပေါင်း (၁၀၄)ရွာတို့တွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေနိုင်ပြီဖြစ်ကာ ဘူးသီးတောင်နှင့်မောင်တောမြို့နယ်တို့တွင် ဒီဇယ်ဆီသုံးဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် မြို့ရွာများသို့ နိုင်ငံတော်လျှပ်စစ်ဓာတ်အားပေးစနစ်မှရယူဖြန့်ဖြူးပေးနိုင်ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ကနဦး စူးစမ်းတိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် အဖွဲ့တစ်ဖွဲ့အား ယနေ့ ၁၁-၈-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်သို့စေလွှတ်ပြီးဖြစ်ကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထို့ပြင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ရေရှည်အစီအမံများ ချမှတ်လုပ်ဆောင်နေသကဲ့သို့ ဒေသတွင်းလက်ရှိအခြေအနေများအရ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် စစ်တွေခရိုင်နှင့် မောင်တောခရိုင်အတွင်းရှိ ဆက်စပ်သော လမ်း၊ တံတားများနှင့် မေယုတောင်တန်း အရှေ့ဘက်၊

စာမျက်နှာ ၉ ကော်လံ ၁ ❍

# (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ကျင်းပပြီးစီး

နေပြည်တော် ဩဂုတ် ၁၁

(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နောက်ဆုံးနေ့ကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပသည်။

ယနေ့တွင် ကျောက်စိမ်းတွဲအမှတ် ၅၅၀၁ မှ ၆၅၆၁ အထိ ကျောက်စိမ်းအတွဲ ၁၀၆၁ မှတင်ဒါအောင်မြင်၍ ဝယ်ယူခွင့်ရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာပြီး တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြသည်။

ယနေ့ပြပွဲနောက်ဆုံးနေ့အထိ ပြည်တွင်း၊ ပြည်ပကျောက်မျက်ရတနာကုမ္ပဏီ ၁၈၉၄ ခုနှင့် ပြည်တွင်း၊ ပြည်ပကျောက်မျက်ရတနာကုန်သည် ၅၃၁၁ ဦးတက်ရောက်ခဲ့ကြသည်။

ထို့ပြင် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရမှုမှာ ကျောက်မျက်တင်ပြအတွဲ ၃၂၆ တွဲတွင် ၁၀၅ တွဲရောင်းချခဲ့ရပြီး တန်ဖိုးအားဖြင့် ၃ ဒသမ ၀၆၈ သန်း၊ ကျောက်စိမ်းအတွဲအမှတ် ၁ မှ အတွဲအမှတ် ၆၅၆၁ အထိ ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၅၀၉၂ တွဲရောင်းချခဲ့ရပြီး တန်ဖိုးအားဖြင့် ယူရို ၅၁၅ ဒသမ ၇၅၆ သန်းဖြစ်ပြီး စုစုပေါင်း ကျောက်စိမ်း၊ ကျောက်မျက်ရောင်းချအတွဲ ၅၁၉၇ တွဲနှင့် တန်ဖိုးအားဖြင့် ၅၁၈ ဒသမ ၈၂၄ သန်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၃ ●

## သင်ကျန်းကျန်းမာမာဖြင့် အသက်ရှည်စွာနေထိုင်လိုပါက အချိုမှုန့်စားသုံးခြင်းကိုရှောင်ပါ။




# ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၃၅ ဦးအနက် H1N1 ပိုးတွေ့လူနာ ၂၀၄ ဦးရှိ၊ ယနေ့အထိ သေဆုံးသူ ၂၃ ဦးရှိ

နေပြည်တော် ဩဂုတ် ၁၁

ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့ မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၂၅ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် H1N1 ပိုးတွေ့လူနာ ၁၀ ဦးတွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၀ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၃၅ ဦးအနက် H1N1 ပိုးတွေ့လူနာ စုစုပေါင်း ၂၀၄ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၂၃ ဦးရှိကြောင်း။

ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် H1N1 ပိုးတွေ့အတွင်းလူနာ ငါးဦး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၅၃ ဦး စုစုပေါင်း ၅၈ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင်လည်း အတွင်းလူနာအရေအတွက် သိသိသာသာလျော့နည်းလာသည်ကို တွေ့ရှိရကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့လူနာများသာမက ပိုးမတွေ့လူနာများအား လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါကုသရေးလမ်းညွှန်များအတိုင်း

စာမျက်နှာ ၁၆ ကော်လံ ၁ ■

# မြန်မာ ယူ-၁၈ အသင်း ခြေစွမ်းပြကစားနိုင်သော်လည်း အဆုံးသတ်အားနည်းခဲ့၍ အင်တာမီလန် ယူ-၁၈ အသင်းကိုရှုံးနိမ့်



ရန်ကုန် ဩဂုတ် ၁၁

နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန်လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၈ အသင်းနှင့် အင်တာမီလန် ယူ-၁၈ အသင်းတို့ ယနေ့ညနေပိုင်းတွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ အင်တာမီလန်အသင်းက ၄ ဂိုး- ၂ ဂိုးဖြင့် အနိုင်ရရှိသည်။

အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ- ၁၉ ခြေစစ်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၁၈ အသင်းသည် နာမည်ကြီးကလပ် အင်တာမီလန် ယူ-၁၈ အသင်းနှင့် ယှဉ်ပြိုင်ရာတွင် နှုံးပွဲကြုံတွေ့ခဲ့သော်လည်း ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အဆုံးသတ်အားနည်းခဲ့၍သာ နှစ်ဂိုးဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ ☐

## ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၂၂ အသင်း မလေးရှားနိုင်ငံသို့ထွက်ခွာ

စာ-၁၀ သို့

## ၂၀၁၇ မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲတွင် ချန်ပီယံအသင်းကို ငွေကျပ် သိန်း ၂၀၀ ချီးမြှင့်မည်

စာ-၁၀ သို့

www.facebook.com/themyawadydaily